မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ဦးတန်ခူးလပြည့်ကျော် ၁ ရက်၊ ၂၀၀၈ခုနှစ်၊ ဧပြီ ၂၁ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၇)၊ အမှတ်(၁၉၉)

မာတာပိတု ဥပဋ္ဌာန် တော် မင်္ဂလ မုတ္တမံ

မိဘကို လုပ်ကျွေးပြုစုခြင်းသည်
မြတ်သော မင်္ဂလာမည်၏။

■ အခြေခံဥပဒေ အတည်ပြုရေးသည် ယနေ့ပြည်သူအားလုံး၏ အမျိုးသားရေးတာဝန် ဖြစ်သည်။ အမျိုးသားရေးအကျိုး လိုလားသူတိုင်း ထောက်ခံမဲပေးကြစို့။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီးဒေါ်ကြိုင်ကြိုင် ပြင်ဦးလွင်မြို့နယ်ရှိ ကျောင်းတိုက်များအတွက် ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားသို့တက်ရောက်ကြည်ညို

နေပြည်တော် ဧပြီ ၂၀

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ကျောင်းတိုက်များအတွက် ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဧပြီ ၁၇ရက် နံနက် ၉နာရီခွဲတွင် ပြင်ဦးလွင်မြို့ မဟာအံ့ထူးကံသာဆုတောင်းပြည့်စေတီတော်ဂန္ဓကုဋိတိုက်တော်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ကြည်ညိုကြပြီး ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

တက်ရောက်ကြည်ညို

အဆိုပါအခမ်းအနားသို့ ပြင်ဦးလွင်မြို့နယ်ရှိ ကျောင်းတိုက်များမှ ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ **စာမျက်နှာ ၇ ကော်လံ ၁** ■

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အမျိုးသားကန်တော်ကြီးဥယျာဉ်ရှိ ကန်တော်ကြီး၌ အဘယဒါန ဇီဝိတဒါနအဖြစ် ငါးများကိုလွှတ်၍ ကုသိုလ်ပြုကြစဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၈ ခုနှစ် ဧပြီ ၂၁ ရက်)

လူမှုစီးပွားဘဝ ပိုမိုမြင့်မားတိုးတက်ရေး သဘာဝအခြေခံကောင်းများလက်တွေ့အသုံးချ

နိုင်ငံတော်အစိုးရသည် နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ဖြစ်ထွန်းမှုများရရှိစေရန် အလေးထားကြိုးပမ်းခဲ့သည်။

နိုင်ငံတစ်ဝန်းလုံးလွှမ်းခြုံပြီး ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်လာစေရန် စီမံကိန်းများ ချမှတ်ဖော်ဆောင်ပေးလျက်ရှိသည်။ တစ်ချိန်က ဖွံ့ဖြိုးမှုနောက်ကျခဲ့ရသည့်ဒေသများ အလျင်အမြန် တိုးတက်လာစေရန် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ ဆက်သွယ်ရေးစသည့် ကဏ္ဍများတွင် အခြေခံအဆောက်အအုံများစွာကို တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်။

ယခုအခါ ပြည်ထောင်စုကြီးတစ်ခုလုံး ဖွံ့ဖြိုးစည်ပင်လျက်ရှိပြီး ပြည်သူများသည် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အခြေခံကောင်းများနှင့်အတူ ဖွံ့ဖြိုးတိုးတက်မှု အကျိုးရလဒ်ကောင်းများကို ရရှိခံစားနေကြရပြီဖြစ်သည်။

မွန်ပြည်နယ်သည် တရားဥပဒေစိုးမိုးမှုနှင့် တည်ငြိမ်အေးချမ်းမှုကောင်းမွန်သည့် ပြည်နယ်တစ်ခုဖြစ်ရာ တိုင်းရင်းသားပြည်သူများအနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဝီရိယစိုက်ထုတ်ကြိုးပမ်း ဆောင်ရွက်ခြင်းဖြင့် လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာမည် ဖြစ်သည်။

နိုင်ငံတော်က လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးအတွက် သံလွင်တံတား(မော်လမြိုင်)ကို တည်ဆောက်ပေးထားရာ တိုင်းရင်းသားပြည်သူများ ကူးသန်းဆက်သွယ်သွားလာမှု မြန်ဆန်ချောမွေ့ အဆင်ပြေလျက်ရှိသည်။

ထို့အပြင် ပညာရေးအခြေခံအဆောက်အအုံများစွာကို တိုးမြှင့်တည်ဆောက် ဖြည့်ဆည်းပေးရင်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများကို ချမှတ်ဖော်ဆောင်လျက်ရှိသည်။

နိုင်ငံတော်က ဒေသအားလုံး ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အခြေခံလိုအပ်ချက်များ တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိရာ တိုင်းရင်းသားပြည်သူများက သဘာဝအခြေခံကောင်းများကို ထိထိမိမိ လက်တွေ့အသုံးချ ဝီရိယစိုက်ထုတ် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ပြည်သူများ၏လူမှုစီးပွားဘဝ ပိုမိုမြင့်မားတိုးတက်လာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သမိုင်းဝင်ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်းတည်ဆောက်ရန် ငွေလှူဒါန်း

ရန်ကုန် ဧပြီ ၂၀

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ် သမိုင်း(၂)ရပ်ကွက် အောင်မြေသာလမ်း အမှတ် ၅၃၇နေ ဦးဘညွန့်၊ ဒေါ်ရှုဝါ၊ သား ကျော်လင်းဦး၊ မစိုးစိုးဟန်၊ သားငယ် ရန်လင်းအောင် မိသားစုက ငွေကျပ်တစ်သိန်းလှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးဟံညွန့်နှင့်ဦးအေးမြင့်တို့က လက်ခံယူကြသည်။ (အောက်ပုံ)

အဆိုပါ စောင်းတန်းတော်ကြီး တည်ဆောက်ရေးအတွက် အလှူရှင်များအနေဖြင့် စေတီတော် ဂေါပကရုံး ဖုန်း-၆၆၀၀၀၆၊ ၇၁၀၃၇၄ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်သည်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၂၁-၄-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	မြန်မာသကြ်န်
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	မြန်မာသကြ်န်
၄း၂၀	၄။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၃၀	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၄၅	၆။	မျိုးချစ်တပ်မတော်
၄း၅၀	၇။	ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅း၂၀	၈။	**မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၅း၃၀	၉။	ဗွီစီဒီကျော်ကြားတေးများ
၅း၄၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	မြန်မာသကြ်န်
၆း၃၅	၁၄။	လျှပ်တစ်ပြက်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်သောဤကမ္ဘာ** (အပိုင်း-၆)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	မေးမြန်းစုံစမ်း
	၂၀။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
	၂၁။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သွေးသစ္စာအေး** (အပိုင်း-၁၂)

မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၂၀

ပဲခူးတိုင်း(အနောက်ပိုင်း)ပေါင်းတည်မြို့နယ် ဇီးပင်လှရွာသစ်အုပ်စု ဆင်ထိုးအိုင်- မန်ကျည်းပင်ခုံကျေးရွာများမှ စုပေါင်းကိုးကွယ်ကြသော ဓမ္မရက္ခိတကျောင်းတိုက်တွင် ဧပြီ ၂၄ရက် (ကြာသပတေးနေ့)မှ ဧပြီ ၃၀ရက် (ဗုဒ္ဓဟူးနေ့)အထိ ခုနစ်ရက်တရားစခန်းပွဲကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲတွင် ရန်ကုန်မြို့ မိုးကုတ် ဝိပဿနာအဖွဲ့ချုပ်မှ ကမ္မဋ္ဌာနာစရိယပုဏ္ဏမီဆရာတော် ဦးပညာသာရနှင့် ဓမ္မကထိက ဆရာတော် အရှင်ခေမာဝံသတို့က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိသ္သယအတိုင်း ဟောကြားပြသမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီး ပိုလ်မှူးကြီးဇော်မင်း ရဲရွာရေအားလျှပ်စစ်စီမံကိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၀

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းသည် မန္တလေးမြို့၏ အရှေ့တောင်ဘက် ၃၁ မိုင်အကွာ ရဲ-ရမန်းရွာအနီး မြစ်ငယ်မြစ်ပေါ်တွင် တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော ရဲရွာရေအားလျှပ်စစ်စီမံကိန်းသို့ ဧပြီ ၁၅ ရက် ညနေပိုင်းကရောက်ရှိပြီး ဓာတ်အားပေးစက် Unit(1) တွင် Druft tube တပ်ဆင်ပြီးစီး၍ ကွန်ကရစ်သွန်းလောင်းခြင်းလုပ်ငန်း၊ Unit(2) တွင်Druft tube များ တပ်ဆင်ခြင်းလုပ်ငန်းနှင့် Grouting လုပ်ငန်း ဆောင်ရွက်နေမှုကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် ကွန်ကရစ်လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် စီမံကိန်း၏ ဝဲဘက်ကမ်း ရှုရပ်မှနေ၍ စီမံကိန်း၏ ယာဘက်ကမ်းတွင် ဆောင်ရွက်လျက်ရှိသော ရေယူအဆောက်အအုံ တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပြီးစီးနေ

ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းသည် တည်ဆောက်ဆဲ ရေအားလျှပ်စစ်စီမံကိန်းများအနက် အကြီးမားဆုံးဖြစ်ပြီး ယခုအချိန်တွင် ပင်မတာမံ တည်ဆောက်ခြင်းလုပ်ငန်းမှာ ၈၂ရာခိုင်နှုန်း ပြီးစီးနေပြီး စီမံကိန်းတစ်ခုလုံးအနေဖြင့် ၅၄ ဒသမ ၁၂ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ထုတ်လုပ်ဖြန့်ဖြူးပေးသွားမည်

အဆိုပါ စီမံကိန်းပြီးစီးပါက စက်တပ်ဆင်အင်အား ၇၉၀ မဂ္ဂါဝပ်မှ လျှပ်စစ်ဓာတ်အား နှစ်စဉ်ပျမ်းမျှ ကီလိုဝပ်နာရီသန်းပေါင်း ၃၅၅၀ခန့် ထုတ်လုပ်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဘတ်စကက်ဘော ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၂၀

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘတ်စကက်ဘော အဖွဲ့ချုပ်တို့ ပူးပေါင်း၍ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား ဘတ်စကက်ဘောပြိုင်ပွဲကို ဧပြီ ၂၂ရက်မှ ၃၀ ရက်အထိ အမျိုးသားအားကစားရုံ(၁)သုဝဏ္ဏတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း ဒဂုံမြို့နယ် ဦးဝိစာရအိမ်ရာနေ ဗိုလ်မှူးလှသိန်း(ငြိမ်း)- ဒေါ်ဆွေဆွေမြင့်နှင့် ဦးသိန်းညွန့်-ဒေါ်တင်တင်လှတို့အား အမှူးထား၍ ကိုမင်းဆွေသိန်း-မမာလာနွယ်တို့က မင်္ဂလာနှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်နှင့် ဘိုးဘွားဆောင်သစ်ကြီးအတွက် အလှူငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းထံပေးအပ်လှူဒါန်းစဉ်။(က-ပ)

ရွှေတိဂုံစေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မှုအတွက် ဝေနေယျသုခရေချမ်းစင်အသင်းမှ ငွေများလှူဒါန်း

ရန်ကုန် ဧပြီ ၂၀

၁၃၇၀ပြည့်နှစ် မြန်မာနှစ်ဆန်း တစ်ရက်နေ့က ရွှေတိဂုံစေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မှုအတွက် ဝေနေယျသုခရေချမ်းစင်အသင်း(၁၀၃)နှစ်ပြည့် အထိမ်းအမှတ် ငွေကျပ် ၁၀၀၀၀၀၀နှင့် အမေရိကန်ဒေါ်လာ ၃၂၄ဒေါ်လာ၊ စင်ကာပူဒေါ်လာ ၅၅ဒေါ်လာ၊ F.E.C 10 ယူနစ်တို့ကို ဂေါပကအဖွဲ့သို့ လှူဒါန်းခဲ့သည်။ **(ဝဲပုံ)**ဝေနေယျသုခ ရေချမ်းစင်အသင်းမှ ယနေ့အထိ ငွေကျပ် ၈ သိန်း လှူဒါန်းခဲ့ပြီးဖြစ်ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဆီးရီးယားနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၂၀

၂၀၀၈ ခုနှစ် ဧပြီ ၁၇ရက်တွင် ကျရောက်သော ဆီးရီးယားအာရပ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ဆီးရီးယားအာရပ်သမ္မတနိုင်ငံ သမ္မတ မစ္စတာဘာရှာအယ်(လ်)အာဆတ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ **(သတင်းစဉ်)**

မြန်မာနှစ်ဆန်းတစ်ရက်နေ့က ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ဈေးကြီး၊ တလိုင်းပိုင်း၊ ငါးကြော်ဖို၊ အိုဘိုရပ်ကွက်လုံးဆိုင်ရာ (၅၉)ကြိမ်မြောက် အဘိုးအဘွား ၄၇၂ ဦးတို့အား သက်ကြီးပူဇော်ပွဲကို ကြည့်မြင်တိုင် ကျောင်းကြီးလမ်း မဟာပုညောပကာရဓမ္မာရုံကြီးတွင် ကျင်းပရာ ကျောင်းကြီးတိုက် ကျောင်းသစ်ဆရာတော် ဘဒ္ဒန္တဓမ္မသာမိက ပူဇော်ကန်တော့ရခြင်း အကျိုးကို ဟောကြားချီးမြှင့်တော်မူစဉ်။ (၁၂၃)



အမြတ်တရား (၄)ပါး

ကျန်းမာခြင်းသည် မြတ်သောလာဘ်ကြီးဖြစ်သည်။
ရောင့်ရဲခြင်းသည် မြတ်သောကိုယ်ပိုင်ဥစ္စာဖြစ်သည်။
ချစ်ကျွမ်းဝင်သူသည် မြတ်သောဆွေမျိုးဖြစ်သည်။
နိဗ္ဗာန်သည် မြတ်သောချမ်းသာဖြစ်သည်။

ဓမ္မပဒ (၂၀၄)

ပါဠိပထမပြန်သင်တန်း ဖွင့်လှစ်မည်

ရန်ကုန် ဧပြီ ၂၀

ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်တွင် လူပုဂ္ဂိုလ်များအတွက် ပါဠိပထမပြန်သင်တန်းကို ဧပြီ ၂၆ရက်(စနေနေ့) နံနက်၇နာရီတွင် ဖွင့်လှစ်မည်ဖြစ်ရာ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ဝင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဂုဏာလင်္ကာရ မထေရ်မြတ်က သင်ကြားပို့ချမည်ဖြစ်ရာ မည်သူမဆို သင်တန်းသို့ တက်ရောက် လေ့လာနိုင်ကြောင်းနှင့် ဖုန်း-၃၇၀၉၆၁နှင့် ၀၉-၅၀-၅၂၂၂၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

တည်းကုန်း ကုန်စိမ်းဈေး သက်ကြီးပူဇော်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၀

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာန၏ အင်းစိန်မြို့နယ် တည်းကုန်း ကုန်စိမ်းဈေးရှိ ဈေးသာယာရေးအဖွဲ့ကဦးဆောင်၍ ဈေးအတွင်း အန္တရာယ်ကင်းပရိတ်ရွတ်ဖတ် သရဇ္ဈာယ်ခြင်း(**အပေါ်ပုံ**)နှင့် ပထမအကြိမ်မြောက် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ၁၃၇၀ပြည့်နှစ် (မြန်မာနှစ်ဆန်းတစ်ရက်) ဧပြီ ၁၇ ရက်က ကျင်းပရာ တည်းကုန်းရပ်ကွက် မင်္ဂလာကန်ဦးကျောင်းဆရာတော် ဓမ္မာစရိယ ဘဒ္ဒန္တတိလောကနှင့် သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ပူဇော်ကန်တော့

ထို့နောက် ပထမအကြိမ်မြောက် တည်းကုန်း ကုန်စိမ်းဈေးသက်ကြီးပူဇော်ပွဲကို ကျင်းပရာ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်သောင်းနှင့် ဈေးသူဈေးသားများက သက်ကြီးဈေးသူဈေးသား အဘိုးအဘွားများအား ဂါရဝပြုပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြသည်။ **(သတင်းစဉ်)**

ပူတာအိုလေ ဆယ်နေကဲ 20-4-2008

ချောက်	၁၁၃	ဒီဂရီဖာရင်ဟိုက်
မင်းဘူး	၁၁၁	ဒီဂရီဖာရင်ဟိုက်
မကွေး	၁၁၁	ဒီဂရီဖာရင်ဟိုက်
အောင်လံ	၁၀၉	ဒီဂရီဖာရင်ဟိုက်
မြင်းခြံ	၁၀၉	ဒီဂရီဖာရင်ဟိုက်
ညောင်ဦး	၁၀၉	ဒီဂရီဖာရင်ဟိုက်
ရွှေဘို	၁၀၉	ဒီဂရီဖာရင်ဟိုက်
ရန်ကုန်	၉၉	ဒီဂရီဖာရင်ဟိုက်

ဦးသန်းစိုးအားရည်စူး၍ တောင်ဥက္ကလာပမြို့နယ် ၁၄/၃ ရပ်ကွက် သေနတ်ပစ်ကွင်းလမ်းနေ ဒေါ်စန်းကြည် မိသားစုက တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော် မြောက်ဘက်ရင်ပြင်တော် အာရုံခံတန်ဆောင်း တည်ဆောက်ရန် အလှူငွေကျပ် တစ်သိန်းကို ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမျိုးဝင်းနှင့် တွဲဖက်အတွင်းရေးမှူး ဦးကိုရည်တို့ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

စနစ်သစ် သဒ္ဒါသင်နည်း ပို့ချမည်

ရန်ကုန် ဧပြီ ၂၀

ရောဝတီတိုင်း ကြံခင်းမြို့နယ်ဝင်း ဂုဏ်းကျောင်းတိုက်၌ နွေရာသီ ဓမ္မာစရိယ သင်တန်းနှင့် စနစ်သစ် သဒ္ဒါသင်နည်းကို ဧပြီ ၂၅ ရက်မှ ဖွန် ၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။

သင်တန်းတွင် မန္တလေးမြို့မှ စာချဆရာတော် ဦးအာနန္ဒာဘိဝံသ (သကျသီဟ ဓမ္မာစရိယ)၊ ဦးကုသရိယ (သာသနဓဇ ဓမ္မာစရိယ)၊ ဦးတေဇိန္ဒ(သာသနဓဇ ဓမ္မာစရိယ)တို့က ပို့ချတော်မူကြမည်ဖြစ်ပြီး သင်တန်း တက်ရောက်လိုသော အရှင်သူမြတ်များ ကြံခင်းမြို့ နဝင်းဂုဏ်းကျောင်း ဆရာတော် ဦးကုသရိယ ဖုန်း-၀၄၄-၄၀၁၈၆ ထံ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

● အခြေခံဥပဒေ အတည်ပြုဖို့ မဲရုံသွား၍ မဲပေးစို့။

21-4 (03).pmd 1 4/21/2008, 12:10 AM

အေးချမ်းသာယာလာမည့် တိုဂိုနိုင်ငံ

သတင်းအက်ဆေး

တိုဂိုနိုင်ငံသည် အာဖရိကတိုက် အနောက်ပိုင်း ကမ်းရိုးတန်းဒေသတွင် တည်ရှိသည်။ ကျဉ်းမြောင်းသော ကမ်းမြောင်ကို အခြေတည်ကာ တောင်နှင့်မြောက် ရှည်လျားသည့် နိုင်ငံဖြစ်သည်။

ကျရောက်ခဲ့

ဤနိုင်ငံမှာ နိုင်ငံရေးအုပ်ချုပ်ပုံနှင့် လူ့အခွင့်အရေးမှတ်တမ်းများအပေါ် နှစ်ပေါင်းများစွာ ဝေဖန်ခံရသည့် ပစ်မှတ်ဘဝသို့လည်း ကျရောက်ခဲ့ရသည်။

သိမ်းပိုက်

တိုဂိုနိုင်ငံသည် ၁၇ရာစုနှစ်အတွင်းတွင် ဥရောပ ကျွန်ကုန်ကူးသူများက ဖမ်းမိသမျှသော ကျွန်များကို သင်္ဘောပေါ်သို့တင်ပို့ရာ ကျွန်ပို့ကမ်းခြေ၏ အပိုင်းတစ်ပိုင်းဖြစ်သည်။ ၁၈၈၃ ခုနှစ်တွင် ဂျာမနီအထိန်းသိမ်းခံ တိုဂိုလင်နိုင်ငံ ဖြစ်လာသည်။ ၁၉၁၄ ခုနှစ်တွင် ဗြိတိန်နှင့် ပြင်သစ်တပ်များက တိုဂိုလင်နိုင်ငံကို သိမ်းပိုက်သည်။

လွတ်လပ်ရေးရရှိ

၁၉၂၂ခုနှစ်တွင် အနောက်ပိုင်းကို ဗြိတိန်ကအုပ်ချုပ်ရန်နှင့် အရှေ့ပိုင်းကို ပြင်သစ်က အုပ်ချုပ်ရန် နိုင်ငံပေါင်းချုပ်အသင်းကြီးက အာဏာပေးအပ်သည်။ ၁၉၅၆ ခုနှစ်တွင် ဗြိတိန်အုပ်ချုပ်သည့် အနောက်ပိုင်းကို ဂိုးလ်ကို့စ်(လက်ရှိဂါနာနိုင်ငံ) အတွင်းသို့ ထည့်သွင်းလိုက်သည်။ ၁၉၆၀ပြည့်နှစ်တွင် ပြင်သစ်အုပ်ချုပ်သည့် အရှေ့ပိုင်းမှာ တိုဂိုနိုင်ငံအဖြစ် လွတ်လပ်ရေးရရှိသည်။

၁၉၆၁ခုနှစ်တွင် ဆီးလ်ဗားနပ်အိုလံပီယိုအား တိုဂိုနိုင်ငံ၏ ပထမဆုံးသော သမ္မတအဖြစ် ရွေးချယ်တင်မြှောက်လိုက်သည်။ ၁၉၆၃ခုနှစ်တွင် သမ္မတ အိုလံပီယိုလုပ်ကြံခံရပြီး နီကိုလပ်ဂရူနစ်ဇကီး သမ္မတဖြစ်လာခဲ့သည်။

ဖျက်သိမ်း

၁၉၆၇ခုနှစ်တွင် နတ်ဆင်ဘီအေယာဒင်မာက သွေးထွက်သံယိုမရှိ အာဏာသိမ်းလိုက်ပြီး၊ နိုင်ငံရေးပါတီများကို ဖျက်သိမ်းလိုက်သည်။

၁၉၇၉ခုနှစ်တွင် အေယာဒင်မာကို ယှဉ်ပြိုင်သူမရှိ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်သည်။ ၁၉၈၆ခုနှစ်၊ ၁၉၉၈ခုနှစ်နှင့် ၂၀၀၃ခုနှစ်တို့တွင် ပြန်လည်ရွေးချယ်ခံခဲ့ရသည်။

လက်ခံသဘောတူ

၂၀၀၅ခုနှစ် ဖေဖော်ဝါရီလတွင် သမ္မတနတ်ဆင်ဆီအေယာဒင်မာ(အသက် ၆၉နှစ်) ကွယ်လွန်သည်။ စစ်ဘက်က ၎င်း၏သား ဖော်ရီနတ်ဆင်ဘီအား တိုဂိုသမ္မတအဖြစ် ခန့်အပ်သည်။ ယင်းလုပ်ရပ်မှာ အာဏာသိမ်းယူသည့်ပုံစံဖြစ်သည်ဟု ဝိုင်းဝန်းရှုတ်ချကြသည်။ နိုင်ငံတကာ ဖိအားပေးမှုကြောင့် ဖော်ရီနတ်ဆင်ဘီမှာ ရာထူးမှ ဆင်းပေးရပြီး သမ္မတရွေးကောက်ပွဲကျင်းပပေးရန် လက်ခံသဘောတူသည်။

၂၀၀၅ခုနှစ် ဧပြီလ သမ္မတရွေးကောက်ပွဲတွင် ဖော်ရီနတ်ဆင်ဘီအနိုင်ရသည်။ အတိုက်အခံတို့က ရွေးကောက်ပွဲ၌ မဲကလိမ်ကျသည်ဟု ဝေဖန်ကြသည်။ ရွေးကောက်ပွဲအပြီးတွင် ပြိုင်ဘက်ထောက်ခံသူများအကြား ခိုက်ရန်ဖြစ် အကြမ်းဖက်လာကြသည်။ လူပေါင်း ၄၀၀ နှင့် ၅၀၀ကြား သေဆုံးသည်ဟု ကုလသမဂ္ဂက ခန့်မှန်းသည်။

ဝန်ကြီးချုပ်ဖြစ်လာ

၂၀၀၆ခုနှစ် ဧပြီလတွင် ကြားဖြတ်အစိုးရအတွင်း အတိုက်အခံများ ပါဝင်ဖွဲ့စည်းရေး သဘောတူညီချက်ကို အစိုးရနှင့် အတိုက်အခံတို့ လက်မှတ်ရေးထိုးသည်။ ထိုနှစ် စက်တင်ဘာလတွင် ဝါရင့်အတိုက်အခံခေါင်းဆောင် ယာဝိုမီအက်ဘိုယီဘို ဝန်ကြီးချုပ်ဖြစ်လာသည်။

မှတ်ချက်ချ

၂၀၀၇ ခုနှစ် အောက်တိုဘာလတွင် ပါလီမန်ရွေးကောက်ပွဲ ကျင်းပသည်။ ရွေးကောက်ပွဲမှာ လွတ်လပ်ပြီး တရားမျှတမှုရှိကြောင်း နိုင်ငံတကာလေ့လာအကဲခတ်သူများက မှတ်ချက်ချသည်။

တိုဂိုနိုင်ငံ၌ နိုင်ငံရေးတင်းမာမှုများ ဖုံးလွှမ်းခဲ့သည်။ နိုင်ငံကို ၃၈ နှစ်ကြာအုပ်ချုပ်ခဲ့သည့် ဝါရင့်ခေါင်းဆောင်သမ္မတ နတ်ဆင်ဘီအေယာဒင်မာ ၂၀၀၅ခုနှစ်တွင် ကွယ်လွန်ပြီးနောက် သူ့နေရာ၌ ရာထူးဆက်ခံရေးပြဿနာများ ပေါ်ပေါက်လာသောအခါ နိုင်ငံရေးတင်းမာမှုများမှသည် အသေအပျောက်ရှိသည့် အကြမ်းဖက်ပဋိပက္ခအဖြစ်သို့ ကူးပြောင်းခဲ့ရသည်။

ထို့ကြောင့် တိုဂိုနိုင်ငံ၌ နိုင်ငံရေးပြန်လည်ရင်ကြားစေ့ရေးမှာ ကြိုးပမ်းတည်ဆောက်ရမည့် လက်ငင်းပြဿနာ ဖြစ်သည်။ သို့မှသာ အနာဂတ်တိုဂိုနိုင်ငံသည် အေးချမ်းသာယာ နေပျော်လာပေလိမ့်မည် ဖြစ်ပါကြောင်း။ ။

(ကိုးကား-အင်တာနက်)

တိုး - ရေးသားသည်

တိုဂိုနိုင်ငံ၌ နိုင်ငံရေးပြန်လည်ရင်ကြားစေ့ရေးမှာ ကြိုးပမ်းတည်ဆောက်ရမည့် လက်ငင်းပြဿနာ ဖြစ်သည်။ သို့မှသာ အနာဂတ် တိုဂိုနိုင်ငံသည် အေးချမ်းသာယာ နေပျော်လာပေလိမ့်မည်ဖြစ်။

ဆိုယုဇ်ဒုံးပျံအာကာသယာဉ် ကမ္ဘာမြေသို့ ပြန်လည်ဆင်းသက် တောင်ကိုရီးယားနိုင်ငံ၏ပထမဆုံးအာကာသယာဉ်မှူးလိုက်ပါလာ

နာဆာ ဧပြီ ၂၀

ရုရှားဆိုယုဇ် အာကာသယာဉ်သည် နိုင်ငံတကာ အာကာသစခန်းမှ ကမ္ဘာမြေသို့ ပြန်လည်ဆင်းသက်နိုင်ခဲ့ပြီ ဖြစ်ကြောင်း၊ သို့သော်လည်း မူလဆင်းသက်ရန် စီစဉ်ထားသည့်နေရာမဟုတ်ဘဲ မြေပြင်ဆင်း ဒုံးပျံထိပ်ဖူးဖြင့် ဆင်းသက်ခဲ့ရကြောင်း ရုရှားတာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ မြေပြင်ဆင်း ဒုံးပျံထိပ်ဖူးနှင့် အတူ တောင်ကိုရီးယားနိုင်ငံ၏ ပထမဆုံး အာကာသယာဉ်မှူး ရီဆိုရီယွန်၊ အာကာသတွင် ရက်အကြာဆုံးနေနိုင်သူ ရုရှားမှ ယူရီမာလင်ချန်ကိုနှင့် အမေရိကန်မှ ပက်ဂိုင်ဝှိုက်ဆွန်တို့ လိုက်ပါလာသည်။

ယင်းဒုံးပျံထိပ်ဖူးသည် ကာဇက်စတန်နိုင်ငံ၌ မူလဆင်းမည့်နေရာမှ မိုင် ၂၅၀ကွာဝေးသောအရပ်တွင် အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့သည်။

ပြောကြား

အာကာသယာဉ်မှူးများသည် ကမ္ဘာမြေသို့ ဘေးမသီရန်မခဘဲ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့ကြောင်း၊ ရုရှား အာကာသ အေဂျင်စီအကြီးအကဲ အနာတိုလီပါမီနော့က ပြောကြားသည်။

စမ်းသပ်

တောင်ကိုရီးယား အာကာသယာဉ်မှူး မစ္စရီသည် **(ယာဘုံ)**အာကာသစခန်းတွင် ၁၁ ရက်ကြာ နေထိုင်ပြီး အာကာသဆိုင်ရာ သိပ္ပံစမ်းသပ်မှုများ ပြုလုပ်ခဲ့သည်။ ယင်းအတွက် တောင်ကိုရီးယားနိုင်ငံက ရုရှားနိုင်ငံသို့ ဒေါ်လာ သန်း ၂၀ ပေးရသည်ဟု ဆိုသည်။

အမေရိကန်မှ အမျိုးသမီး အာကာသယာဉ်မှူး မစ္စဝှစ်ဆွန်သည် နိုင်ငံတကာ အာကာသစခန်း၌ ရက်ပေါင်း ၃၇၇ ရက်အထိ စံချိန်တင် နေထိုင်ခဲ့ကြောင်း နာဆာမှ ပြောကြားသည်။

ရုရှားနိုင်ငံမှ ယူရီမာလင်ချန်ကိုသည် တတိယ အကြိမ်မြောက် နိုင်ငံတကာ အာကာသစခန်း၌ ရက်အကြာဆုံး နေထိုင်သူ ဖြစ်လာသည်။

နေထိုင်ခဲ့

၎င်းသည် ၁၉၉၄ခုနှစ်က နိုင်ငံတကာ အာကာသစခန်း၌ ရက်ပေါင်း ၁၂၆ရက် နေထိုင်ပြီး ၂၀၀၆ခုနှစ်တွင်သာ ၁၈၅ရက် နေထိုင်ခဲ့သူဖြစ်သည်။ **(အင်တာနက်)**

ဆိုမာလီယာနိုင်ငံ မိုဂါဒစ်ရှူး၌ တိုက်ပွဲများပြင်းထန်စွာဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဧပြီ ၁၉ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဆိုမာလီယာ၌ တိုက်ပွဲအကြီးအကျယ်ဖြစ်ပွား အနည်းဆုံး လူ ၂၀ ကျော် သေဆုံးခဲ့ရ

မိုဂါဒစ်ရှူး ဧပြီ ၂၀

ဆိုမာလီယာနိုင်ငံ မိုဂါဒစ်ရှူးမြို့၌ ဧပြီ ၁၉ ရက်က တိုက်ပွဲများပြင်းထန်စွာဖြစ်ပွားခဲ့၍ အနည်းဆုံး လူပေါင်း ၂၀ကျော် သေဆုံးခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

အီသီယိုးပီးယား ကျောထောက်နောက်ခံပြုသော ကြားဖြတ်အစိုးရ တပ်ဖွဲ့ဝင်များနှင့် အစ္စလမ္မစ် တိုက်ခိုက်ရေးသမားများသည် မြို့၏အရှေ့မြောက်ပိုင်း၌ တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

သေဆုံး

ယင်းတိုက်ပွဲအတွင်း အီသီယိုးပီးယား တပ်ဖွဲ့ဝင်ငါးဦး၊ ဆိုမာလီယာအစိုးရ တပ်ဖွဲ့ဝင် သုံးဦးနှင့် အရပ်သားများလည်း သေဆုံးခဲ့ရသည်ဟု ဆိုသည်။

ဆိုမာလီယာနိုင်ငံအား အီသီယိုးပီးယားနိုင်ငံက ၂၀၀၆ခုနှစ်မှစပြီး အစ္စလမ္မစ် တိုက်ခိုက်ရေးသမားများ လက်အောက်မှပြန်လည်လွတ်မြောက်ရေး ပါဝင်ကူညီ တိုက်ပေးလျက် ရှိသည်။

ပြင်းထန်

ဧပြီ ၁၉ရက် **(စနေနေ့)**က ဖြစ်ပွားခဲ့သော တိုက်ပွဲသည် အပြင်းအထန်ဆုံးသော တိုက်ပွဲကြီး တစ်ပွဲဖြစ်သည်။ အီသီယိုးပီးယားတပ်များက အကြမ်းဖက်အုပ်စုများအား ပစ်မှတ်ထားတိုက်ခိုက်စဉ် တိုက်ပွဲစတင်ခဲ့ခြင်း ဖြစ်သည်။

တိုက်ခိုက်ခဲ့

အစ္စလမ္မစ် တိုက်ခိုက်ရေးသမားများက အီသီယိုးပီးယား တပ်ဖွဲ့ဝင် အလောင်းအချို့ကို လမ်းများပေါ်တွင် ဒရွတ်တိုက်ဆွဲကာ လှည့်လည်ခဲ့သည်။ ထိုသို့ပြုလုပ်နေစဉ် အီသီယိုးပီးယားတပ်များ ရောက်ရှိလာပြီး စက်သေနတ်နှင့် အမြောက်များသုံး၍ ပစ်ခတ်တိုက်ခိုက်ခဲ့သည်ဟု ဆိုသည်။

ပေါက်ကွဲ

စိန်ပြောင်းကျည်တစ်လုံးမှာ လူစည်ကားရာ စားသောက်ဆိုင်တစ်ဆိုင်ပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့ရာ လူငါးဦး သေဆုံးသွားသည်။ **(အင်တာနက်)**

တရုတ်နှင့်ကာဇက်စတန်တို့ ပူးပေါင်းဆောင်ရွက် စွမ်းအင်၊သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုကဏ္ဍတို့ပါဝင်

ပေကျင်း ဧပြီ ၂၀

တရုတ်နှင့် ကာဇက်စတန်နှစ်နိုင်ငံတို့သည် စီးပွားရေး အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရာ၌ စွမ်းအင်ကဏ္ဍ၊ သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုဆိုင်ရာကဏ္ဍများ အတူတကွလုပ်ဆောင်ရန် ဧပြီ ၁၉ရက်က သဘောတူညီခဲ့ကြသည်။

မိတ်ဖက်နိုင်ငံများအနေဖြင့် ၂၀၁၅ခုနှစ်အရောက်တွင် နှစ်နိုင်ငံ အပြန်အလှန် ကုန်သွယ်မှုများ တိုးမြှင့်ဆောင်ရွက်ရန် အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံ ရင်းနှီးမြှုပ်နှံကာ အကောင်အထည်ဖော် ဆောင်ရွက်မည်ဟု ဆိုသည်။

စွမ်းအင်ကဏ္ဍဆိုင်ရာ ပူးပေါင်းလုပ်ဆောင်ရာ၌ တရုတ်-ကာဇက်စတန် သဘာဝဓာတ်ငွေ့ပိုက်လိုင်း တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၀၉ခုနှစ်တွင် အပြီးသတ်ဆောင်ရွက်လျက်ရှိပြီး ယဉ်ကျေးမှု၊ ပညာရေး၊ သိပ္ပံရေးရာ၊ အားကစားနှင့် ခရီးသွားလုပ်ငန်းများကို တိုးမြှင့်အကောင်အထည်ဖော်လျက်ရှိကြောင်း ဆင်ဟွာသတင်းတစ်ရပ်၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

သမ္မတရွေးကောက်ပွဲ၌ ဂျွန်မက်ကိန်းအား အနိုင်ရမည်ဟု ဟီလာရီကလင်တန်နှင့်အိုဘားမားတို့ ထုတ်ဖော်ပြောကြား

ဝါရှင်တန် ဧပြီ ၂၀

အမေရိကန်ရွေးကောက်ပွဲအတွက် အကြိတ်အနယ်ကြိုးပမ်းနေကြသည့် ဒီမိုကရက်တစ်ပါတီမှ ပြိုင်ဘက်အထက်လွှတ်တော်အမတ် ဟီလာရီကလင်တန်နှင့် အထက်လွှတ်တော်အမတ် အိုဘားမားတို့သည် ပင်ဆယ်ဗေးနီးယားပြည်နယ် အကြိုရွေးကောက်ပွဲမတိုင်မီ နောက်ဆုံးအကြိမ် စကားစစ်ထိုးပွဲ ပြုလုပ်ကြသည်။

အိုဘားမား(ဝဲ)နှင့်ဟီလာရီကလင်တန်(ယာ)

နိုဝင်ဘာလဆန်းကျင်းပမည့် အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ရီပတ်ဘလီကင်သမ္မတလောင်းဂျွန်မက်ကိန်းကို အနိုင်ရအောင်ပွဲဆင်နိုင်မည်ဟု ယုံကြည်ကြောင်း နှစ်ဦးစလုံးက ထုတ်ဖော်ပြောကြားကြသည်။

ဖော်ပြ

ပင်ဆယ်ဗေးနီးယားပြည်နယ် အကြိုရွေးကောက်ပွဲတွင် အိုဘားမားကို ဟီလာရီကလင်တန်က အနိုင်ရမည်ဖြစ်ကြောင်း ကြိုတင်မေးမြန်းသည့် ပြည်သူ့ဆန္ဒသဘောထားကောက်ယူချက်စစ်တမ်းများက ဖော်ပြလျက်ရှိသည်။

ပင်ဆယ်ဗေးနီးယားပြည်နယ် အကြိုရွေးကောက်ပွဲမှာ ဧပြီ ၂၂ရက်အင်္ဂါနေ့တွင် ပြုလုပ်မည်ဖြစ်ပြီး နှစ်ဦးစလုံးအတွက် အရေးကြီးသည်။ အထူးသဖြင့် ဟီလာရီကလင်တန်အတွက် ပို၍အရေးကြီးသည်။

လောလောဆယ်တွင် အိုဘားမားက ညီလာခံကိုယ်စားလှယ် ထောက်ခံမဲ ၁၆၃၈ မဲ ရထားပြီး ဟီလာရီကလင်တန်က ညီလာခံကိုယ်စားလှယ်မဲ ၁၅၀၂မဲသာ ရသေးသည်။

ဝေဖန်ထောက်ပြ

အလုပ်သမားလူတန်းစားမဲဆန္ဒရှင်များသည် စိတ်ပျက်ဖွယ်အကျပ်အတည်းဖြင့် ကြုံလာသည့် အခါများတွင် သေနတ်နှင့် ဘာသာရေးကို အားကိုးအားထားပြုကြသည်ဆိုသော မကြာမီက အိုဘားမား၏ပြောကြားချက်ကို ဟီလာရီကလင်တန်က အတော်စော်ကားသည့်ကောက် ချက်ဟု ဝေဖန်ထောက်ပြလိုက်သည်။

အိုဘားမားက သူဆိုလိုရင်းစကားစပ်ကို ပြည်သူတို့ အထင်အမြင်လွဲမှားအောင် ယင်းသို့ ဝေဖန်ပြောကြားခြင်းဖြစ်သည်ဟု တုံ့ပြန်လိုက်သည်။

ဟီလာရီကလင်တန်က ၁၉၉၆ခုနှစ်တွင် အိမ်ဖြူတော်၌ သမ္မတကတော်ဘဝဖြင့် ဘော့စနီးယားသို့ သွားရောက်စဉ် လက်ဖြောင့်တပ်သားတို့၏ အန္တရာယ်ကြားမှ စွန့်စွန့်စားစား သွားခဲ့ရကြောင်း မှားယွင်းပြောကြားမိပါသည်ဟု မဲဆန္ဒရှင်များအား ဝန်ချတောင်းပန်လိုက် သည်။

ဝေဖန်ပြောကြားကြ

ရီပတ်ဘလီကင်သမ္မတလောင်း ဂျွန်မက်ကိန်း၏ စီးပွားရေးရာမူဝါဒများနှင့် ပတ်သက်၍မူ ဟီလာရီရော၊ အိုဘားမားကပါ ဝေဖန်ပြောကြားကြသည်။ တစ်နှစ်ဝင်ငွေ ဒေါ်လာ ၂၀၀၀၀၀ မပြည့်သူများအပေါ် အမြတ်ခွန်မကောက်ဟု ကတိပြုကြသည်။

ဗီယက်နမ်၏ ပထမဆုံးဆက်သွယ်ရေးဂြိုဟ်တု ပြင်သစ်ဂီယာနာမှ အောင်မြင်စွာလွှတ်တင်

ကော်ရို ဧပြီ ၂၀

ဗီယက်နမ်နိုင်ငံ၏ ပထမဆုံးသော ဆက်သွယ်ရေးဂြိုဟ်တုကို ဧပြီ ၁၉ ရက်က ပြင်သစ်ဂီယာနာရှိ ကော်ရိုအာကာသယာဉ်လွှတ်တင်ရေးစခန်းမှ အောင်မြင်စွာလွှတ်တင်လိုက်ပြီဖြစ်ကြောင်း (အပေါ်ပုံ) **အင်တာနက်သတင်းတွင်ဖော်ပြသည်။**

ဗီနာဆက်-၁ဟု အမည်ပေးထားသော အဆိုပါ ဆက်သွယ်ရေးဂြိုဟ်တုကို ဥရောပအာကာသစခန်း ပြင်သစ်ဂီယာနာကော်ရိုမှ အာရီယန်-၅ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်း ဖြစ်သည်။

ထောက်ကူ

အဆိုပါ ဗီနာဆက်-၁ ဂြိုဟ်တု လွှတ်တင်နိုင်ခဲ့ခြင်းကြောင့် ဗီယက်နမ်နိုင်ငံတစ်ဝန်း ရုပ်မြင်သံကြားနှင့် ကျေးလက်ဒေသများပါမကျန် တယ်လီဖုန်း ဆက်သွယ်ရေးလုပ်ငန်းများအတွက် အထောက်အကူဖြစ်စေလိမ့်မည်ဟု ဆိုသည်။

ထုတ်လုပ်

အလေးချိန် ၂၆၀၀ ကီလိုဂရမ် ရှိသော ဗီနာဆက်-၁ကို အမေရိကန် အာကာသယာဉ် ထုတ်လုပ်ရေးကုမ္ပဏီ လော့ဟီးမာတင်ကထုတ်လုပ်ပေးခဲ့ခြင်း ဖြစ်သည်။

ထားရှိ

ယင်းဗီနာဆက်-၁ဂြိုဟ်တုကို အင်ဒိုနီးရှားနှင့် ပါပူးဝါးနယူးဂီနီ နိုင်ငံအကြား ကမ္ဘာ့မြေပြင်အထက် ကီလိုမီတာ၃၆၀၀၀၌ ထားရှိမည်ဖြစ်ကြောင်း၊ ၄င်းဂြိုဟ်တု လွှတ်တင်နိုင်ခဲ့၍ နိုင်ငံ၏ ၇၀ရာခိုင်နှုန်းကို လွှမ်းခြုံလျက် ဆက်သွယ်ရေးလုပ်ငန်းများအတွက် ဝန်ဆောင်မှုပေးနိုင် တော့မည်ဖြစ်ကြောင်း ဗီယက်နမ် စာတိုက်နှင့် ကြေးနန်းဆက်သွယ်ရေးဝန်ကြီး ... ညွှန်ကြားရေးမှူး လောင်ထရန်ဖန်းက ပြောကြားသည်။ **(အင်တာနက်)**

အင်္ဂါဂြိုဟ်ပေါ်၌တွေ့ရသော ချိုင့်ခွက်ကြီးများ ရေငွေ့ဓာတ်ရှိကြောင်း နာဆာအာကာသယာဉ်မှတွေ့ရ

နာဆာ ဧပြီ ၂၀

အင်္ဂါဂြိုဟ်သည် နေစကြဝဠာကို လှည့်ပတ်နေသော ဂြိုဟ်ကြီးကိုးလုံးတွင် စတုတ္ထမြောက်ဂြိုဟ်ဖြစ်သည်။ယင်းဂြိုဟ်၏ ထူးခြားချက်များကို နာဆာသိပ္ပံပညာရှင်များက စူးစမ်းလေ့လာရေး အာကာသယာဉ် စေလွှတ်လေ့လာလျက်ရှိသည်။

အဆိုပါ အင်္ဂါဂြိုဟ်၏ မျက်နှာပြင်ကို နာဆာစူးစမ်းလေ့လာရေး အာကာသယာဉ် (အမ်အာအို)က ထူးခြားသော ဓာတ်ပုံကြီး နှစ်ပုံ ရိုက်ကူးနိုင်ခဲ့သည်။ ယင်းဓာတ်ပုံများမှာ အင်္ဂါဂြိုဟ်၏ မျက်နှာပြင်ပေါ်တွင် ငါးမိုင်ခွဲခန့် ကျယ်ဝန်း နက်ရှိုင်းသည့် ရေငွေ့ဓာတ်ရှိသော ချိုင့်ခွက်ကြီး၏ ပုံများပင် ဖြစ်သည်။

ရိုက်ကူးနိုင်ခဲ့

နာဆာ၏အင်္ဂါဂြိုဟ်စူးစမ်းလေ့လာရေး အာကာသယာဉ် (အမ်အာအို)က ယင်းဓာတ်ပုံ နှစ်ပုံကို အင်္ဂါဂြိုဟ်နှင့် ခရီးမိုင်ပေါင်း၄၂၂၅အကွာအဝေးမှ တစ်ပုံ၊ ခရီးမိုင်ပေါင်း ၃၆၀ မိုင်မှ တစ်ပုံရိုက်ကူး နိုင်ခဲ့သည်ဟုဆိုသည်။ ယင်းဓာတ်ပုံများကို အမ်အာအိုက ၂၀၀၈ခုနှစ် မတ် ၂၃ရက်က ရိုက်ကူးနိုင်ခဲ့သည်။

ယင်းအာကာသယာဉ် အမ်အာအိုက ကြည်လင်ပြတ်သားမှု အဆင့်မြင့်မားသော ကင်မရာဖြင့် တစ်ပုံလျှင် ၁၀ မိနစ်ကြာအောင် ရိုက်ကူးခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

လွှတ်တင်ထား

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်မှ အင်္ဂါဂြိုဟ် စူးစမ်းလေ့လာရေးယာဉ် (အမ်အာအို)ကို ၂၀၀၅ခုနှစ် ဩဂုတ်လက လွှတ်တင်ထားခဲ့သည်။ ၂၀၀၆ခုနှစ် မတ်လတွင် အမ်အာအိုလေ့လာရေးယာဉ်က အင်္ဂါဂြိုဟ်ခေါ် လဗိမာန်ကို လှည့်ပတ်လေ့လာမှု ပြုလုပ်ခဲ့သည်ဟု ဆိုသည်။

စုဆောင်း

အနာဂတ်တွင် လူသားများခြေချနိုင်ရေး နာဆာက ကြိုးစားလျက်ရှိသည်။ အင်္ဂါဂြိုဟ်ပေါ်၏ မျက်နှာပြင်ကို ဆွဲအားကောင်းသော ကင်မရာများဖြင့် ရိုက်ကူးလျက်ရှိသည်။ အင်္ဂါဂြိုဟ်၏ ရာသီဥတု၊ ပထဝီ အနေအထားနှင့် လေထုစသော လူသားများနေထိုင်နိုင်သော အချက်အလက်များ စုဆောင်း သုတေသနပြုလေ့လာနေသည်။

လေ့လာ

အဆိုပါ အာကာသယာဉ်မှ ရိုက်ကူးခဲ့သော ဓာတ်ပုံများအရ ချိုင့်ခွက်ကြီးများတွေ့ရပြီး **(ဝဲအပေါ်ပုံ)**ရေငွေ့ဓာတ်ရှိနေသော အချက်ကို လေ့လာသိရှိထားပြီဖြစ်သည်။ **(အင်တာနက်)**



မက္ကဆီကိုနှင့် အိန္ဒိယ စွမ်းအင်နှင့်လေကြောင်းကဏ္ဍ ပူးပေါင်းဆောင်ရွက်

မက္ကဆီကို ဧပြီ ၂၀

မက္ကဆီကိုနှင့် အိန္ဒိယနှစ်နိုင်ငံတို့သည် လေကြောင်းသယ်ယူပို့ဆောင်ရေးနှင့် အစားထိုးလောင်စာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူ စာချုပ်တစ်ရပ်ကို ဧပြီ ၁၈ရက်က မက္ကဆီကိုနိုင်ငံ၌ လက်မှတ်ရေးထိုးနိုင်ခဲ့ပြီဖြစ်သည်။

အဆိုပါအခမ်းအနားကို မက္ကဆီကို စီးတီးမြို့တော်၌ ကျင်းပရာ မက္ကဆီကိုနိုင်ငံသို့ လေးရက်ကြာအလည်ပတ်ခရီး ရောက်ရှိနေသော အိန္ဒိယသမ္မတ မစ္စပရာတီဘာပတေးလ်နှင့် မက္ကဆီကိုသမ္မတ ဖိလစ်ကာလ်ဒီရွန်တို့ တက်ရောက်ခဲ့ကြသည်။

ပြောကြား

အာရှပစိဖိတ်ဒေသတွင် အိန္ဒိယနိုင်ငံသည် မက္ကဆီကိုနိုင်ငံ၏ အဓိကမိတ်ဖက်နိုင်ငံအဖြစ် ဆက်ဆံလျက်ရှိကြောင်း၊ အစားထိုးလောင်စာအသုံးပြုမှုသည် အခြေခံကျသောပူးပေါင်းဆောင်ရွက်မှုတစ်ခုပင်ဖြစ်ကြောင်း၊ လေကြောင်း သယ်ယူပို့ဆောင်မှုများမှနေ၍ ကမ္ဘာ့လှည့်ခရီးသွားလုပ်ငန်းတိုးတက်မှုကို များစွာအထောက်အကူပြုနိုင်ကြောင်း၊ ထို့ပြင် အသေးစား အလတ်စားလုပ်ငန်းများ၊ ကားထုတ်လုပ်ရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍများတွင်လည်း မက္ကဆီကိုနိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရန် စိတ်ဝင်စားကြောင်းဖြင့်လည်း မက္ကဆီကိုသမ္မတ ဖိလစ်ကာလ်ဒီရွန်က ပြောကြားသည်။ **(အင်တာနက်)**

ထိုင်းနှစ်သစ်ကူးပွဲတော်အတွင်း ယာဉ်မတော်တဆမှုကြောင့် ၃၂၄ဦးသေဆုံးခဲ့

ဗန်ကောက် ဧပြီ ၂၀

ထိုင်းနှစ်သစ်ကူးပွဲတော်ကာလအတွင်း ယာဉ်မတော်တဆမှုကြောင့် သေဆုံးသူပေါင်း ၃၂၄ဦးရှိကြောင်း ထိုင်းပြည်ထဲရေးဝန်ကြီးဌာနက ဧပြီ ၁၇ရက်တွင် သတင်းထုတ်ပြန်သည်။

ပြောကြား

ထိုင်းနိုင်ငံ၌ ဧပြီ ၁၁ ရက်မှ ၁၆ ရက်အထိ ကျင်းပသော ဆွန်ကရန်ပွဲတော်ဟု လူသိများသည့် နှစ်သစ်ကူးသင်္ကြန်ကာလအတွင်း ယာဉ်မတော်တဆမှုပေါင်း ၃၉၅၅ မှု ဖြစ်ပွားခဲ့ကြောင်း ယင်းအရေအတွက်မှာ ၂၀၀၇ခုနှစ်ကထက် ၃ ဒသမ ၅ ရာခိုင်နှုန်း တိုးလာကြောင်း ထိုင်းအာဏာပိုင်များက ပြောကြားသည်။

မော်တော်ဆိုင်ကယ်

အဆိုပါယာဉ်မတော်တဆမှုများတွင် မော်တော်ဆိုင်ကယ် မတော်တဆမှု ၈၀ရာခိုင်နှုန်းပါဝင်ကြောင်း၊ ဒဏ်ရာရရှိသူ ၄၄၈၄ ဦး ဆေးကုသမှုခံယူခဲ့ရကြောင်း သိရသည်။ **(အင်တာနက်)**

စပိန်၌ဘတ်စ်ကားတိမ်းမှောက် ရှစ်ဦးသေဆုံး၊ ၁၆ဦးဒဏ်ရာရ

မက်ဒရစ် ဧပြီ ၂၀

စပိန်နိုင်ငံ၌ ဧပြီ ၁၉ ရက်က နိုင်ငံခြားခရီးသွားဧည့်သည်များ တင်ဆောင်လာသည့် ခရီးသည်တင် ဘတ်စ်ကားတစ်စီး တိမ်းမှောက်မှုဖြစ်ပွားရာ ခုနစ်နှစ်အရွယ် မိန်းကလေးတစ်ဦးအပါအဝင် ဖင်လန်ခရီးသွားဧည့်သည်ရှစ်ဦး သေဆုံးသွားခဲ့သည်။

ပြင်းထန်

ဘတ်စ်ကားတိမ်းမှောက်မှုမှာ စပိန်နိုင်ငံတောင်ပိုင်း ဘီနာလ်မာဒီနာမြို့အပန်းဖြေစခန်းအနီးတွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း၊ အခြား ဖင်လန်ခရီးသွားဧည့်သည် ၁၆ဦးမှာ ဒဏ်ရာရရှိခဲ့ပြီး အချို့မှာ ဒဏ်ရာပြင်းထန်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

တိုးလာနိုင်

ယာဉ်မောင်းမှာ အရက်သောက်သုံးကာ အရှိန်ပြင်းစွာ မောင်းနှင်လာစဉ် တိမ်းမှောက်ခဲ့ခြင်း ဖြစ်ကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိပြီး သေဆုံးသူဦးရေမှာ ပို၍တိုးလာနိုင်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဘတ်စ်ကားပေါ်တွင် လိုက်ပါလာသူများအားလုံးမှာ ဖင်လန်နိုင်ငံမှဖြစ်ပြီး ၄င်းတို့၏ နေရပ်သို့ အမြန်ဆုံးပြန်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ (အင်တာနက်)

စပိန်နိုင်ငံ ဘီနာလ်မာဒီနာမြို့ အပန်းဖြေစခန်းအနီး၌ ခရီးသည်တင်ဘတ်စ်ကား တိမ်းမှောက်ခဲ့သည်ကို ဧပြီ ၁၉ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တွင် ဧပြီ ၂၃ရက်မှ၂၇ရက်အထိ ကျင်းပမည့် ၂၀၀၈ ခုနှစ် AFC President's Cup ပြိုင်ပွဲဝင် ကမ္ဘောဇ ဘောလုံးအသင်း။ (မြန်မာ့အလင်း)

AFC President's Cup ဘောလုံးပြိုင်ပွဲယှဉ်ပြိုင်မည့် ကမ္ဘောဇဘောလုံးအသင်း သီရိလင်္ကာသို့ထွက်ခွာ

ရန်ကုန် ဧပြီ ၂၀

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တွင် ဧပြီ ၂၃ရက်မှ ၂၇ရက်အထိ ကျင်းပမည့် ၂၀၀၈ခုနှစ် AFC President's Cup ဘောလုံးပြိုင်ပွဲ အုပ်စု(ဂ)ပွဲစဉ်များ၌ ဝင်ရောက်ယှဉ်ပြိုင်ရန် ကမ္ဘောဇဘောလုံးအသင်းသည် ယနေ့နံနက်ဇနာရီက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

လိုက်ပါ

ကမ္ဘောဇ ဘောလုံးအသင်းတွင် အုပ်ချုပ်မှုအဖွဲ့ဝင်များအဖြစ် ဦးမောင်မောင်လောက်၊ ဦးမိုးဆန်းအောင်၊ ဦးသိန်းဇံ၊ နည်းစနစ်အကြံပေးအဖြစ် ဦးအေးမောင်ကြီး၊ နည်းပြအဖွဲ့ဝင်များအဖြစ် ဦးသန်းထိုက်၊ ဦးဟန်ထွန်း၊ ဦးသိန်းထွန်းသိန်း၊ ကစားသမားများအဖြစ် ဂိုးသမား-ကျော်ဇင်ထက်၊ ရဝေဇင်၊ ငွေးလှိုင်ထွန်း၊ နောက်တန်း-အေးဆန်း၊ ဟန်ဝင်းအောင်၊ အောင်ကျော်ဦး၊ ဉာဏလွင်၊ ထွန်းထွန်းနိုင်၊ နိုင်ဇင်၊ ကျော်စွာဝင်း၊ အောင်သိုက်၊ အလယ်တန်း-ခင်မောင်လွင်၊ စိုးသီဟအောင်၊ နေဇော်ထက်၊ အောင်သန်းဝင်း၊ နေဝင်း၊ ရာဇာစိုး၊ အောင်မျိုး၊ လင်းဇော်ထိုက်၊ ရှေ့တန်း-စည်သူသန်း၊ ကျော်သီဟ၊ ထွန်းမင်းဦး၊ ထွန်းထွန်းနောင်၊ စိုင်းကျော်သူရအောင်၊ သတင်းပြန်ကြားရေးအဖြစ် ဦးမြတ်ခိုင်(လျှပ်တစ်ပြက်ဂျာနယ်) တို့ လိုက်ပါသွားကြသည်။

ကိုယ်စားပြု

AFC President's Cup ဘောလုံးပြိုင်ပွဲကို အာရှဘောလုံးအဖွဲ့ချုပ်မှ ၂၀၀၅ ခုနှစ်မှ စတင်၍ ကျင်းပခဲ့ပြီး ယခုပြိုင်ပွဲ၌ နိုင်ငံ ၁၁နိုင်ငံမှ ကလပ်အသင်း ၁၁သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံ ကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်မည့် ကမ္ဘောဇဘောလုံးအသင်းသည် (ဂ)အုပ်စုတွင် အက်ကာဗက် (တာမင်နစ္စတန်)၊ ရတ်နမ် SC (သီရိလင်္ကာ)၊ စတုန်စပို့စ် ယူနိုက်တက်၊ ဘူလ်တန်တို့နှင့်အတူ ပါဝင်နေသည်။ ကမ္ဘောဇအသင်းသည် ဧပြီ ၂၃ရက်တွင် ပွဲဦးထွက်ပွဲအဖြစ် အက်ကာမက်၊ ၂၅ရက်တွင် ရတ်နမ် SC၊ ၂၇ရက်တွင် ထရန်စပို့စ်ယူနိုက်တက် အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ပြိုင်ပွဲကို အုပ်စု(၃)စုခွဲ၍ ကျင်းပသွားမည်ဖြစ်ပြီး အုပ်စု(၁)စုစီမှ အုပ်စုပထမရ အသင်းသုံးသင်းနှင့် အကောင်းဆုံး အုပ်စု ဒုတိယရအသင်းတစ်သင်းတို့မှာ စက်တင်ဘာလတွင် ကျင်းပမည့် အကြိုဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ကစားခွင့် ရရှိမည်ဖြစ်သည်။

အုပ်ချုပ်သူ ဦးမိုးဆန်းအောင်

AFC President's Cup ပြိုင်ပွဲဝင် ကမ္ဘောဇအသင်း အခြေအနေနှင့်ပတ်သက်၍ အုပ်ချုပ်သူ ဦးမိုးဆန်းအောင်အား မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းခဲ့ရာ ဦးမိုးဆန်းအောင်က "မိမိတို့ အသင်းအနေဖြင့် ကလပ်အသင်းပြိုင်ပွဲကို သွားရောက်ယှဉ်ပြိုင်ခြင်းဖြစ်သော်လည်း နိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပါကြောင်း၊ ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း ကလည်း မိမိတို့အသင်းအတွေ့အကြုံနှင့် အောင်မြင်မှုရစေရန် ယှဉ်ပြိုင်စေခြင်းသာမက မြန်မာဘောလုံးလောက တိုးတက်ရန်အတွက် ယခုလို ယှဉ်ပြိုင်စေခြင်းဖြစ်ပါကြောင်း၊ ယင်းအတွက်ကြောင့် မိမိတို့အသင်းအနေဖြင့် အကောင်းဆုံး ရလဒ်များရရှိအောင် ကြိုးစားသွားမည်ဖြစ်ကြောင်း၊ အသင်းအောင်မြင်မှု ရစေရန် ရည်ရွယ်၍လည်း အသင်းမှ ကစားသမားများအပြင် လက်ရွေးစင် ကစားသမားများဖြစ်သည့် လယ်ယာ/ဆည်မြောင်းမှ ခင်မောင်လွင်၊ ဆောက်လုပ်ရေးမှ ကျော်ဇင်ထက်၊ စည်သူသန်းနှင့် စိုးသီဟအောင်တို့ကို အငှားဖြင့် ခေါ်ယူအားဖြည့်ထားပါကြောင်း" ဖြင့် ပြောကြားသွားခဲ့သည်။

(မြန်မာ့အလင်း)

ဧပြီ ၁၂ရက်က ဗဟန်းမြို့နယ် အလယ်ရွှေဂုံတိုင်လမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန ရွှေဂုံတိုင်ကလေးပြုစုရေးဌာနသို့ မလေးရှားရောက် အီလက်ထရွန်နစ်စက်ရုံဝန်ထမ်းများ၊ သူငယ်ချင်းများစုပေါင်း၍ ကလေးငယ်များအတွက် ငွေပဒေသာပင်ကျပ်ဇ၆၄၅၀၀ ပေးအပ်လှူဒါန်းရာ ရွှေဂုံတိုင်ကလေးပြုစုရေးဌာန အုပ်ချုပ်ရေးမှူး ဒေါ်ခင်မာအေး လက်ခံယူစဉ်။ (က-ပ)

မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို) အလုပ်အမှုဆောင် အစည်းအဝေးကျင်းပ

ရန်ကုန် ဧပြီ ၂၀

မြန်မာနိုင်ငံရိုးရာ ပန်းပညာရှင်များ အစည်းအရုံး(ဗဟို)၏ အလုပ်အမှုဆောင် အစည်းအဝေး (၉/ ၂၀၀၈)ကို ဗိုလ်ချုပ်ဈေးအရှေ့ဘက်တန်းရှိ ဗဟိုအစည်းအဝေးခန်းမ၌ ဧပြီ၃ရက် နံနက်က ကျင်းပရာ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးသန့်စင်(ခ) ပန်းချီလှတင်ထွန်း၊ ဦးစောလှိုင်၊ ဦးအောင်သိန်း၊ အတွင်းရေးမှူး ဦးကြည်ဝင်း(Today) နှင့် အလုပ်အမှုဆောင်များ တက်ရောက်ကြသည်။

ဂုဏ်ပြု

အစည်းအဝေးတွင် ကမာရွတ်မြို့နယ် ရိုးရာပန်းပညာရှင်များအစည်းအရုံးမှ ပညာရှင်များနှင့် စည်းရုံးရေးပညာရေးဆိုင်ရာကိစ္စများ ဆွေးနွေးကြပြီး ကမာရွတ်မြို့နယ် အစည်းအရုံးမှ ပန်းချီပြပွဲလာရောက် ပြသကြသော Color Wave အဖွဲ့ကို ဂုဏ်ပြုတွေ့ဆုံသည်။

ကြေညာ

ဆက်လက်၍ မတ် ၂၅ရက်မှ ၂၇ရက်အတွင်း ပုသိမ်မြို့နယ် ရိုးရာပန်းပညာရှင်များ အစည်းအရုံးဖွဲ့စည်းခဲ့ပြီး ချောင်းသာသို့ လက်တွေ့ပန်းချီရေးဆွဲရေးနှင့် ပညာရေးခရီး ထွက်ခဲ့ကြသည့် အတွေ့အကြုံများကို ပြန်လည်ဆွေးနွေးကြသည်။ ထို့နောက် အစည်းအရုံးမှကြီးမှူး၍ ၂၀၀၈ခုနှစ် All Myanmar Art Exhibition ပြပွဲကြီးကို လာမည့် ဒီဇင်ဘာလအတွင်းပြသရန် ဆုံးဖြတ်ကြပြီး ဥက္ကဋ္ဌဦးသောင်းဟန် ပါဝင်သော အဖွဲ့ဝင် ၁၈ဦးပါဝင်သည့် ပြပွဲကြီး ဖြစ်မြောက်ရေးကော်မတီအဖွဲ့ကို ဖွဲ့စည်းသည်။ ပြပွဲကြီး ကျင်းပမည့်ရက်နှင့် အသေးစိတ်အစီအစဉ်များကို မကြာမီ ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၂၁-၄-၂၀၀၈ ရက် (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိပါဠိတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အကပဒေသာ
- ၇း၅၅ ၅။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၈း၁၅ ၆။ **အသက်ကလေးရယ်တဲ့ ရှည်စေလို** ဦးအောင်လွင်၊ ကြည်စိုး၊ မေထွဋ်ခေါင်၊ ၄က်ပျောကြော်၊ ထင်ပေါ်၊ မျိုးမျိုးခိုင်၊ ဒေါ်ခင်ခင်ကြီး (ဒါရိုက်တာ-ကြည်စိုး)
- ၈း၃၀ ၈။ International News.
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၅ ၂။ ကျေးပင်အက်ရေလှောင်တမံ
- ၄း၃၀ ၃။ **စက်မှုတပ်ဆင်လုပ်နေးတွင်** မင်းမော်ကွန်း၊ ဇင်ဝိုင်း၊ မို့မို့မြင့်အောင် (ဒါရိုက်တာ-ဝင်းထွန်းထွန်း)
- ၅း၀၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (မြန်မာစာအထူးပြု) (မြန်မာစာ)
- ၅း၁၅ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၅း၃၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၆း၀၀ ၇။ ညနေခင်းသတင်း
- ၆း၃၀ ၈။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တယ်...ချစ်တယ်** (အပိုင်း-၁၄)
- ၇း၃၀ ၁၀။ စိတ်အားထက်သန် ဆန္ဒအမှန်
- ၈း၀၀ ၁၁။ ပြည်တွင်းသတင်း
- ၁၂။ နိုင်ငံတကာသတင်းများ
- ၁၃။ မိုးလေဝသအခြေအနေ
- ၁၄။ အတည်ပြုကြစို့ အခြေခံဥပဒေ
- ၁၅။ ရှိတာကမိုကောင်းပါတယ်
- ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာမျှဉ်းပြိုင်** (အပိုင်း-၁၈)

မြန်မာနိုင်ငံသည် ကြက်ငှက်တုပ်ကွေးရောဂါကင်းရှင်းသောနိုင်ငံဖြစ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

မြန်မာနိုင်ငံသည် ကြက်ငှက်တုပ်ကွေးရောဂါကင်းရှင်းသောနိုင်ငံအဖြစ်

ကြေညာချက်ထုတ်ပြန်ခြင်း

(၂၀-၄-၂၀၀၈)

၁။ **မြန်မာနိုင်ငံအတွင်း ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့မှု**

(က) **ရန်ကုန်တိုင်းအတွင်း ရောဂါကျရောက်မှု။** ၂၈-၂-၂၀၀၇ရက် ရန်ကုန်တိုင်းတွင် ကြက်ငှက်တုပ်ကွေးရောဂါ ကျရောက်ဖြစ်ပွားခဲ့ပြီး ၂၁-၄-၂၀၀၇ရက် ထိန်းချုပ်နိုင်ခဲ့ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါ ဗိုင်းရပ်စ်ပိုးသည် ကြက်ဘဲထွက် ပစ္စည်း သယ်ယူပို့ဆောင်မှု လမ်းကြောင်းများမှတစ်ဆင့် ၃-၆-၂၀၀၇ရက် ပဲခူးတိုင်း(အရှေ့၊အနောက်)နှင့် မွန်ပြည်နယ်များသို့ ကူးစက်ပျံ့နှံ့ခဲ့ပြီး ၉-၁၁-၂၀၀၇ရက် ထိန်းချုပ်နိုင်ခဲ့ပါသည်။

(ခ) **ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရောဂါကျရောက်မှု။** ၁၈-၁၁-၂၀၀၇ရက် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်တွင် ကြက်ငှက်တုပ်ကွေးရောဂါ ကျရောက်ဖြစ်ပွားခဲ့ကာ မိုင်းဖြတ်မြို့နယ်သို့ ကူးစက်ပျံ့နှံ့ခဲ့ပြီး ၁၈-၁-၂၀၀၈ရက် ထိန်းချုပ် နိုင်ခဲ့ပါသည်။

(ဂ) **ရောဂါဖြစ်စဉ်များအပေါ် သုံးသပ်ချက်။** မြန်မာနိုင်ငံတွင် ကျရောက်ဖြစ်ပွားခဲ့သော ဗိုင်းရပ်စ်ပိုးမှာ H_5N_1 ဖြစ်ပြီး ရန်ကုန်တိုင်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်း ကျရောက်ခဲ့သော ဗိုင်းရပ်စ်များ၏ မျိုးရိုးဗီဇ ဇာစ်မြစ်အုပ်စုကွဲနှင့် အမိုင်နိုအက်စစ်စဉ်တန်းများ သရုပ်ခွဲဆန်းစစ်ချက်အရ ရောဂါကျရောက်မှုဖြစ်စဉ် နှစ်ခုစလုံးသည် ပြည်တွင်း၌ဖြစ်ခဲ့ဖူးသော ရောဂါပိုးမှ ကူးစက်ခဲ့ခြင်းမဟုတ်ဘဲ နိုင်ငံ၏ပြင်ပမှ ဝင်ရောက်ကူးစက်ခဲ့ကြောင်း သုံးသပ်ရရှိပါသည်။

၂။ **ရောဂါထိန်းချုပ်ပြီးနောက် ရောဂါစူးစမ်းရှာဖွေစစ်ဆေးမှု Post outbreak Survellance(ရောဂါပိုးကြွင်းကျန်မှု/လည်ပတ်မှု ရှိ/မရှိ ဆန်းစစ်ချက်)။** ရောဂါထိန်းချုပ်ကာလ ၂၁ရက်ပြည့်ပြီးနောက် မြန်မာနိုင်ငံ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ကြက်ငှက်တုပ်ကွေးရောဂါ စူးစမ်းရှာဖွေမှုအထူးပြု တိရစ္ဆာန်ဆေးကုဆရာဝန်များသည် FAO, OIE အပြည်ပြည်ဆိုင်ရာ ကျွမ်းကျင်သူပညာရှင်များ၊ ဒေသအာဏာပိုင်အဖွဲ့ အစည်းများ၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် မွေးမြူရေးလုပ်ငန်းရှင်များ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် ၁၉-၁-၂၀၀၈ရက်မှစ၍ သုံးလအတွင်း ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ် ရောဂါပိုး အကြွင်းအကျန် ရှိ/မရှိ ရောဂါသဏ္ဌာန်လက္ခဏာစစ်ဆေးခြင်း၊ သွေးရည်ကြည်စစ်ဆေးခြင်း၊ ဗိုင်းရပ်စ်ရောဂါပိုး စစ်ဆေးခြင်း နည်းလမ်းများဖြင့် ရောဂါ စူးစမ်းလေ့လာမှု ပြုလုပ်ခဲ့ရာ ရောဂါပိုးကင်းရှင်းကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

၃။ **မြန်မာနိုင်ငံသည် ကြက်ငှက်တုပ်ကွေးရောဂါ ကင်းရှင်းသောနိုင်ငံအဖြစ် ကြေညာခြင်း။** ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ချုပ် (OIE)၏ ကုန်းသတ္တဝါဆိုင်ရာ တိရစ္ဆာန်ကျန်းမာရေး ကိုဒ်ဥပဒေအပိုဒ် ၂-၇-၁၂-၄ ပြဋ္ဌာန်းဖော်ပြပါ ရောဂါဖြစ်ကြက်ငှက်နှင့် ကူးစက်ပျံ့နှံ့မှုအန္တရာယ်ရှိနိုင်သော ကြက်ငှက်များ သုတ်သင်ဖျက်ဆီး ရောဂါထိန်းချုပ်နိုင်ပြီးနောက် သုံးလအတွင်း ရောဂါကင်းရှင်းကြောင်း ကိုဒ်ဥပဒေနောက်ဆက်တွဲ ၃-၈-၉ အရ ရောဂါစူးစမ်းရှာဖွေရေး နည်းလမ်းများနှင့်အညီ စစ်ဆေးအတည်ပြုပြီးဖြစ်၍ မြန်မာနိုင်ငံအနေဖြင့် ကြက်ငှက်တုပ်ကွေးရောဂါ ကင်းရှင်းသောနိုင်ငံအဖြစ် ကြေညာချက်ကို ၂၀-၄-၂၀၀၈ ရက်တွင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးအဖွဲ့ချုပ်နှင့် ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့သို့ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း သတ်မှတ်ချက်များနှင့်အညီ အထောက်အထားအချက်အလက်များဖြင့် ပေးပို့ကြေညာပြီးဖြစ်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန။

အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတု ပူပြင်းလာပြီ ဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိရေနှင့် ဓာတ်ဆားများဆုံးရှုံးမှု များပြားပါသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် (၁၀) နာရီမှ ညနေ (၅) နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရ အေးမြသော နေရာများတွင် နေပါ။
(၂) နေပူထဲမှ ပြန်လာပြီး ချက်ချင်း ရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ် အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ် လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိရေနှင့် ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည် သောက်ပါ။
(၉) ကိုယ်ပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက် ကောင်းသော နေရာမျိုးတွင် နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါး လိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန် တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

ရှေ့ဖုံးမှ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်၊ စစ်ရေးချုပ်ဗိုလ်ချုပ်သူရမြင့်အောင်၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်တာဝန်ရှိသူများ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်များ၊ လူမှုရေးနှင့် ဘာသာရေး အသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့သည် မဟာအံ့ထူးကံသာ ဆုတောင်းပြည့်မြတ်စွာဘုရားကြီးအား ဆွမ်း၊ သစ်သီး၊ ဆီမီး၊ ပန်းနှင့် ရေချမ်းတို့ဖြင့် ဆက်ကပ်လှူဒါန်း၍ ဖူးမြော်ကန်တော့ကြသည်။

ထို့နောက် အခမ်းအနားကို ကျင်းပရာ နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့ ပြင်ဦးလွင်မြို့ မဟာအံ့ထူးကံသာဆုတောင်းပြည့် စေတီတော် ဂန္ဓကုဋိတိုက်တော်၌ ကျင်းပသည့် ပြင်ဦးလွင်မြို့နယ်ရှိ ကျောင်းတိုက်များအတွက် ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြစဉ်။ (သတင်းစဉ်)

သီလခံယူဆောက်တည်

ယင်းနောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ပြင်ဦးလွင်မြို့ ပုညကာရီခဲလယ်ကျောင်းဆရာတော်အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုမနထံမှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့က ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်တို့သည် နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင် ပုညကာရီခဲလယ်ကျောင်း ဆရာတော်အား ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဝန်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များသည် ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

လှူဖွယ်ပစ္စည်းများလှူဒါန်း

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏မိသားစုများသည် သာသနာ့နွယ်ဝင် သီလရှင်များကိုယ်စား ဇယန်းကျောင်း ပဓာနနာယက ဆရာကြီး မဟာဂန္ထဝါစကပဏ္ဍိတ သဒ္ဓမ္မဇောတိကဓဇ ဒေါ်ပဝရသီဂီ အမှူးပြုသော သီလရှင်များအား ဆန်၊ ဆီ၊ သီလရှင်ဝတ်စုံများနှင့် လှူဖွယ်ပစ္စည်းများကို လှူဒါန်းကြသည်။

ရေစက်သွန်းချအမျှပေး

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များနှင့် ပရိသတ်တို့သည် မန္တလေးတိုင်း သံဃနာယကအဖွဲ့ဝင် ပြင်ဦးလွင်မြို့ ကန်ဦးကျောင်းဆရာတော် ဘဒ္ဒန္တဉာဏိဿရထံမှ အနုမောဒနာနှင့် ရေစက်ချတရားတော်တို့ကိုနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

နေ့ဆွမ်းဆက်ကပ်

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များသည် အခမ်းအနားသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များအား ဂန္ဓကုဋိတိုက်တော်၌ နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် အမျိုးသားကန်တော်ကြီးဥယျာဉ်သို့ သွားရောက်ကြပြီး ကန်တော်ကြီး၌ အဘယဒါန ဇီဝိတဒါနအဖြစ် ချိုး၊ ခို၊ ဇီးကွက်၊ စာကလေးနှင့် ငါးများကိုလွှတ်၍ ကုသိုလ်ပြုကြသည်။

ကုသိုလ်ဒါနပြု

ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များကလည်း ငါးလွှတ်၍ ကုသိုလ်ဒါနပြုကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် အမျိုးသားကန်တော်ကြီးဥယျာဉ် ဖွံ့ဖြိုးသာယာလှပရေး ဆောင်ရွက်ထားမှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

မြန်မာနှစ်ဆန်းတစ်ရက်နေ့က အမျိုးသားကန်တော်ကြီး ဥယျာဉ်၌ လာရောက် လေ့လာအပန်းဖြေအနားယူသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင် အမျိုးသား ကန်တော်ကြီးဥယျာဉ် ကန်တော်ကြီး၌ အဘယဒါန ဇီဝိတဒါန အဖြစ် ချိုး၊ခို၊ဇီးကွက်၊စာကလေးများကိုလွှတ်၍ ကုသိုလ်ပြုစဉ်။ (သတင်းစဉ်)

❒ ကျောဖုံးမှ

တက်ရောက်ကြည်ညို

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ တိုင်းသံဃနာယက ဆရာတော်ကြီးများ၊ ဇီဝိတဒါနသံဃာ့ဆေးရုံ(မန္တလေး) ဩဝါဒါစရိယဆရာတော်ကြီးများ၊ ပင့်ဖိတ်တော်မူထားသည့် ဆရာတော်၊ သံဃာတော်များ စုစုပေါင်း ၂၇ပါးတို့ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်၊ စစ်ရေးချုပ်ဗိုလ်ချုပ်သူရမြင့်အောင်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်မြင့်စိုး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဝန်ကြီးဌာနများမှဌာနဆိုင်ရာအကြီးအကဲများ၊ မန္တလေးတိုင်းနှင့်စစ်ကိုင်းတိုင်းတို့မှ တိုင်း၊ ခရိုင်နှင့်မြို့နယ်အဆင့် တာဝန်ရှိသူများ၊ ဇီဝိတဒါနသံဃာ့ဆေးရုံ(မန္တလေး) စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဇီဝိတဒါနသံဃာ့ဆေးရုံ(မန္တလေး)ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများ၊ မြို့မိမြို့ဖများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ငါးပါးသီလ ခံယူဆောက်တည်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့ မန္တလေးမြို့ရှိ ဇီဝိတဒါန သံဃာ့ဆေးရုံ(မန္တလေး) ဖွင့်ပွဲအထိမ်းအမှတ် ရေစက်ချ အလှူတော် မင်္ဂလာ အခမ်းအနားတွင် ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။

(သတင်းစဉ်)

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် သာသနာရေးဦးစီးဌာနမှ ဦးစီးအရာရှိ သဒ္ဓမ္မဇောတိကဓဇဦးသူရက ဆောင်ရွက်ပြီး အခမ်းအနားအစီအစဉ်များကို ဖတ်ကြားလျှောက်ထားတင်ပြသည်။

အစီအစဉ်အရ နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ငါးပါးသီလခံယူဆောက်တည်

ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဝိသုဒ္ဓါရုံတိုက်သစ် ဝါဆိုကျောင်းဆရာတော် ဘဒ္ဒန္တအဣ္ဍိယမဟာထေရ်ထံမှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော် အရှင်သူမြတ်တို့ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူသော မေတ္တသုတ်ပရိတ်တရားတော်ကို နာယူကြသည်။

ကုသိုလ်မင်္ဂလာတရား

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင် မန္တလေးတိုင်း ဇီဝိတဒါန သံဃာ့ဆေးရုံကြီး ရေစက်ချ အလှူတော်မင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်တော်မူကြကုန်သော နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ မန္တလေးတိုင်း သံဃနာယက ဆရာတော်ကြီးများ အမှူးပြုသည့် ဇီဝိတဒါနသံဃာ့ဆေးရုံ (မန္တလေး)၏ ဩဝါဒါစရိယ ဆရာတော်များနှင့် ပင့်သံဃာတော်များကို ယခုကဲ့သို့ စုံစုံညီညီ ကျန်းကျန်းမာမာ ရွှင်ရွှင်လန်းလန်း ဖူးမြော်ခွင့် ရရှိသည့်အတွက် ကုသိုလ်မင်္ဂလာတရား တိုးပွားရပါကြောင်းကို ရှေးဦးစွာ လျှောက်ထားအပ်ပါကြောင်း၊ မြတ်စွာဘုရားသည် ရဟန်းတော်များအား အလှူခံယူခွင့်၊ သုံးဆောင်နိုင်ခွင့်ရှိသည့် ပစ္စည်းလေးပါးကို ခွင့်ပြုရာ၌ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဟူ၍ ခွင့်ပြုတော်မူခဲ့ပါကြောင်း။

လေ့လာမှတ်သား

ထို့အပြင် မကျန်းမာသည့် ဂိလာနသံဃာတော်များအား ဆေးဝါးကုသကြရန်၊ ပြုစုစောင့်ရှောက်ကြရန် ညွှန်ကြားတော်မူရုံသာမက ကိုယ်တော်တိုင်လည်းသူနာပြုစုခြင်းဖြင့် လက်တွေ့နမူနာကောင်း ပြသခဲ့ပါကြောင်း၊ တိဿ အမည်ရှိသော ရဟန်းကြီးတစ်ပါးမှာ အညစ်အကြေးများ ပေကျံလိမ်းကျံလျက် အိပ်ရာထဲလဲနေသည်ကို မြတ်စွာဘုရားရှင် တွေ့မြင်တော်မူသဖြင့် ကိုယ်တော်တိုင် ရေနွေးဖြင့် ဆေးကြောသုတ်သင်ပြီး ပြုစုတော်မူခဲ့ကြောင်း၊ မကျန်းမာသည့် ဂိလာန သံဃာတော်များကို ဆေးဝါးကုသပြုစုစောင့်ရှောက်ခြင်းသည် မြတ်စွာဘုရားရှင်အား လုပ်ကျွေးပြုစုရာရောက်ကြောင်း၊ မြတ်စွာဘုရားရှင်ကို ပြုစုလုပ်ကျွေးလိုသူသည် မကျန်းမာသည့် ဂိလာနပုဂ္ဂိုလ်အား ပြုစုလုပ်ကျွေးရမည်ဖြစ်ကြောင်း ဟောကြားတော်မူခဲ့သည်ကို လေ့လာမှတ်သားရဖူးပါကြောင်း။

သံဃာတော်များသည် လူဝတ်ကြောင်များနှင့်အတူတကွ တစ်မိုးတစ်ရုံတည်း အိပ်စက်ပါက အာပတ်သင့်နိုင်သောကြောင့် ဝိနယဂရုကဆရာတော်ကြီးများသည် ဆေးရုံတက်ရောက်၍ ဆေးကုသမှုခံယူရာ၌ အာပတ်သင့်ခြင်း အပြစ်မှ ကင်းလွတ်စေရန် သံဃာ့ဆေးရုံများကို သီးခြားအဆောက်အအုံ ဆောက်လုပ်လှူဒါန်းကြရန် ဩဝါဒချီးမြှင့်တော်မူကြပါကြောင်း။

၂၀၀၇ခုနှစ် ဧပြီလတွင် နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ပြင်ဦးလွင်ခရီးစဉ်၌ ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်းနှင့် တောင်ကြီး စသည့်ဒေသများတွင် သံဃာ့ဆေးရုံများရှိနေပြီးဖြစ်၍ မန္တလေး၌ရှိပြီးဖြစ်သည့် သံဃာ့ဆေးရုံကြီး၌ ဆရာတော်၊ သံဃာတော်များ၊ သီလရှင်များ၏ ကျန်းမာရေးအတွက် ဆေးဝါးကုသပေးနိုင်မှု အခြေအနေကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးအားမေးမြန်းခဲ့ရာ မန္တလေးမြို့၌ ဒေသခံစေတနာရှင်များ ကမကထပြုတည်ဆောက်ထားရှိသော ခုတင်(၄၀)ဆံ့ သံဃာ့ဆေးရုံတစ်ခုရှိပြီး ဆရာတော်၊ သံဃာတော်များအား ဆေးဝါးကုသမှုပေးလျက်ရှိကြောင်း၊ လက်ရှိသံဃာ့ဆေးရုံသည် မြေအကျယ်အဝန်း ခုနစ်ဧကခန့်ရှိပြီး ထပ်မံတိုးချဲ့ရန် အခက်အခဲရှိပါကြောင်း၊ ဆေးရုံ၌ပြင်ပလူနာအနေဖြင့် လစဉ်အနည်းဆုံး သံဃာအပါး၂၀၀ကျော်မှ အများဆုံး အပါး၅၀၀ခန့် အတွင်းလူနာအနေဖြင့် နေ့စဉ် အနည်းဆုံး သံဃာလေးပါးမှ အများဆုံး အပါး ၆၀ကျော်ခန့်အထိ လက်ခံကုသပေးလျက် ရှိပါကြောင်း၊ စစ်ကိုင်း၊ မန္တလေး ဒေသများရှိ သံဃာတော်များ၊ သီလရှင်များ သီတင်းသုံး နေထိုင်မှုအခြေအနေမှာ မန္တလေးမြို့ပေါ်တွင်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း ဆရာတော်ထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

သံဃာတော် ၄၄၀၀၀ကျော်နှင့် သီလရှင် ၃၄၀၀ကျော်၊ အမရပူရမြို့တွင် သံဃာတော် ၅၀၀၀ကျော်နှင့် သီလရှင် ၃၀၀ကျော်၊ စစ်ကိုင်းမြို့ပေါ်၌ သံဃာတော် ၅၇၀၀ကျော်နှင့် သီလရှင် ၅၀၀၀ကျော်ရှိနေပြီး မန္တလေးတိုင်း တစ်တိုင်းလုံးအနေဖြင့် သံဃာတော် ၁၁၃၀၀၀နီးပါးနှင့် သီလရှင် ၆၃၀၀ ကျော်၊ စစ်ကိုင်းတိုင်းတစ်တိုင်းလုံးအနေဖြင့် သံဃာတော် ၅၃၄၀၀နီးပါးနှင့် သီလရှင် ၇၅၀၀ကျော် ရှိပါကြောင်းကို တိုင်းမှူးက တင်ပြခဲ့ပါကြောင်း။

တိုင်းမှူး၏ တင်ပြချက်အပေါ် နိုင်ငံတော်အကြီးအကဲက လက်ရှိခုတင်(၄၀)ဆံ့ သံဃာ့ဆေးရုံကြီးအပြင် ဆရာတော်၊ သံဃာတော်များ၊ သီလရှင်များအား ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ပေးနိုင်ရေးအတွက် သံဃာအပါး ၂၀၀ခန့်နှင့် သီလရှင်အပါး ၅၀ခန့်ကို ဝိနည်းတော်နှင့်အညီ အတွင်းလူနာအဖြစ် လက်ခံကုသပေးနိုင်မည့် ပရဟိတ သံဃာ့ဆေးရုံတစ်ရုံဆောက်လုပ်ရန် သင့်လျော်မည့် ဧက ၄၀ ဝန်းကျင်ရှိ မြေနေရာတစ်နေရာ ရွေးချယ်တင်ပြရန်နှင့် ဆေးရုံပုံစံများ ရေးဆွဲတင်ပြရန် တပည့်တော်တို့အား တာဝန်ပေးအပ်ခဲ့ပါကြောင်း။

ယင်းတာဝန်ပေးအပ်ချက်အရ တိုင်းမှူးက စစ်ကိုင်း၊ မန္တလေး၊ အမရပူရတို့နှင့် သွားလာရေး လွယ်ကူသည့်အပြင် ကျန်းမာရေးနှင့် ညီညွတ်သည့် သဘာဝပတ်ဝန်းကျင်နှင့် နေရာ ကျယ်ကျယ်ဝန်းဝန်း၊ လုံလုံလောက်လောက်ရှိပြီး ဆေးရုံတစ်ခုအဖြစ် အေးအေးချမ်းချမ်း ဆေးဝါးကုသမှုခံယူနိုင်မည့် ယခုမြေနေရာ အပါအဝင် မြေနေရာသုံးနေရာကို ရွေးချယ်တင်ပြခဲ့ရာ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ဤမြေနေရာကိုကွင်းဆင်းကြည့်ရှုကာ လိုအပ်သည်များကို ညှိနှိုင်း၍ စစ်ကိုင်း၊ မန္တလေး၊ အမရပူရတို့နှင့် အနီးစပ်ဆုံးနေရာဖြစ်သည့် ယခုနေရာကို အတည်ပြုပေးခဲ့ပါကြောင်း။

● ဒီမိုကရေစီရရှိဖို့ မဲရုံသွား၍ မဲပေးစို့။

21-4 (08).pmd 1 4/21/2008, 12:10 AM

ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်များ စိတ်အေးချမ်းစွာ ဝိနည်းတော်နှင့်ညီညွတ်စွာ ဆေးကုသမှုခံယူနိုင်ကြရန် ရည်ရွယ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဇီဝိတဒါန သံဃာ့ဆေးရုံ (မန္တလေး) ဖွင့်ပွဲအထိမ်းအမှတ် ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနားတွင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ပံ့ပိုးကူညီ

ဆေးရုံတည်ဆောက်ရေးလုပ်ငန်းများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ အနီးကပ် ကြီးကြပ်ကွပ်ကဲမှုဖြင့် သက်ဆိုင်ရာ အစိုးရဌာနများနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မြို့မိမြို့ဖ စေတနာရှင်များက လိုအပ်သည့်ပစ္စည်းများ ပံ့ပိုးကူညီပေးကြ၍ ဤမန္တလေး ဇီဝိတဒါန သံဃာ့ဆေးရုံကြီးကို တည်ဆောက်ခဲ့ကြခြင်းဖြစ်ပါကြောင်း။

အဓိကအားဖြင့် ဆရာတော်၊ သံဃာတော်ကြီးများအနေဖြင့် လူပုဂ္ဂိုလ်များ၏ ဆေးရုံများတွင် တက်ရောက်ပြီး တစ်မိုးတစ်ရုံအောက် ဆေးဝါးကုသမှုခံယူရာ၌ ဝိနည်းတော်အရ အာပတ်သင့်မည်ကို စိုးရွံ့တော်မူကြသဖြင့် မကျန်းမာသော်လည်း ဆေးဝါးကုသမှုခံယူရန် ဝန်လေးနေကြသည့် အခြေအနေကို နိုင်ငံတော်အကြီးအကဲက သိရှိပြီး အဆိုပါ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ဤဇီဝိတဒါနသံဃာ့ဆေးရုံ(မန္တလေး)ကို တည်ထောင်ပေးရန် စေတနာ သဒ္ဓါတရားထက်သန်စွာ စီစဉ် စီမံခဲ့ခြင်းဖြစ်ပါကြောင်း။

ဤဇီဝိတဒါနသံဃာ့ဆေးရုံ(မန္တလေး)သည် မန္တလေး၊ စစ်ကိုင်းဒေသများအပြင် လိုအပ်ပါက အထက်မြန်မာပြည်မှ ဆရာတော်၊ သံဃာတော်များ၊ သီလရှင်များကို စိတ်အေးချမ်းစွာ ဝိနည်းတော်နှင့် ညီညွတ်စွာ အထူးကုဆရာဝန်ကြီးများဖြင့် ဆေးဝါးကုသမှုခံယူနိုင်ကြစေရန်နှင့် အခြားအထူးကုဆေးရုံကြီးများတွင် ဆေးကုသမှုခံယူရန် လိုအပ်ပါကလည်း ဤဆေးရုံ၌အခြေပြုလျက် ဆေးကုသမှုခံယူနိုင်ကြစေရန် ရည်ရွယ်ပါကြောင်း။

စီမံဆောင်ရွက်

ယင်းရည်ရွယ်ချက်များ ပြည့်မြောက်စေရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ စေတနာရှေ့ထား စီမံဆောင်ရွက်ပေးမှုများကြောင့် ဤဆေးရုံကြီးကို တည်ဆောက်နိုင်ခဲ့သည်ဖြစ်ရာ ယခုမြေနေရာတွင် မြေပြုပြင်မှုနှင့် တည်ဆောက်မှု လုပ်ငန်းများကို ၂၀၀၇ခုနှစ် ဇူလိုင်လမှစတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ဆေးရုံ တည်ဆောက်ရေးအတွက် လိုအပ်သည်များကို ဌာနဆိုင်ရာများနှင့် ဒေသခံ မြို့မိမြို့ဖများက သဒ္ဓါတရားအပြည့်ဖြင့် မိမိတို့ တတ်စွမ်းသမျှ ဝိုင်းဝန်းကူညီပေးခဲ့ကြကြောင်း၊ ဆေးရုံကြီးတည်ဆောက်ရေးကို ဆေးရုံများတည်ဆောက်ရာ၌ အတွေ့အကြုံရှိသည့် ဧဒင်အုပ်စု ကုမ္ပဏီလီမိတက်အား တာဝန်ပေးတည်ဆောက်စေခဲ့ခြင်းဖြစ်ပါကြောင်း၊ ဧဒင်အုပ်စုကုမ္ပဏီလီမိတက်အနေဖြင့်လည်း ၂၀၀၇ခုနှစ် ဇူလိုင် ၁၀ရက်မှ စတင်၍ ၂၀၀၈ခုနှစ် မတ် ၃၁ရက်တွင် လုပ်ငန်းများ အောင်မြင် အပြီးသတ်စေရအောင် နေ့မအား ညမနား တည်ဆောက် အကောင်အထည်ဖော်ပေးခဲ့ရာ ယခုကဲ့သို့ အုပ်ချုပ်မှုရုံး၊ သံဃာပြင်ပလူနာဆောင်၊ သီလရှင် ပြင်ပလူနာဆောင်၊ သံဃာကုသဆောင် (၃၆)ခုတင်ဆံ့ ငါးဆောင်နှင့် (၂၅)ခုတင်ဆံ့ နှစ်ဆောင်၊ သီလရှင်ကုသဆောင် (၃၆)ခုတင်ဆံ့ နှစ်ဆောင်နှင့် (၂၅)ခုတင်ဆံ့ တစ်ဆောင်၊ သံဃာခွဲစိတ်ဆောင်၊ အနီးကပ် ကြပ်မတ်ကုသခန်းနှင့် ဓာတ်ခွဲခန်း၊ သီလရှင် ခွဲစိတ်ဆောင်၊ အနီးကပ်ကြပ်မတ်ကုသခန်းနှင့် ဓာတ်ခွဲခန်းတို့ အပါအဝင် ဆေးကုသဆောင် ၁၄ဆောင်နှင့် အထောက်အကူပြု အဆောက်အအုံများ ပါရှိသော သံဃာ့ဆေးရုံကို ခေတ်မီဆေးရုံကြီးတစ်ခု၏ အင်္ဂါရပ်များနှင့်ပြည့်စုံနိုင်သမျှပြည့်စုံစေပြီး သံဃာများနှင့် သီလရှင်များ ဝိနည်းတော်နှင့်ညီညွတ်စွာ သီးခြားစီ ဆေးဝါး ကုသမှုခံယူနိုင်မည့် အဆောက်အအုံများအဖြစ် ခွဲခြားတည်ဆောက်ပေးနိုင်ခဲ့ပါကြောင်း။

စုံစုံလင်လင်ဖြည့်ဆည်းပေးထား

သို့ဖြစ်ပါ၍ ယခုအခါတွင် ဤဇီဝိတဒါနသံဃာ့ဆေးရုံကြီး(မန္တလေး)၌ သံဃာအပါး ၂၅၀ခန့်နှင့် သီလရှင်အပါး ၁၀၀ခန့် သီးသန့်စီ အတွင်းလူနာအဖြစ် တစ်ပြိုင်နက်တည်း တက်ရောက်ကုသနိုင်သည့် အခြေအနေ ဖြစ်လာခဲ့သည် သာမက ရုံးသုံးပရိဘောဂများ၊ ဆေးရုံသုံး ပရိဘောဂများ၊ ရေသန့်ပစ္စည်းများ၊ လျှပ်စစ်မီးပစ္စည်းများနှင့် ဆေးပစ္စည်း ကိရိယာများ၊ ခေတ်မီ ရောဂါရှာဖွေရေးနှင့် ကုသရေးပစ္စည်းကိရိယာများကိုပါ တတ်စွမ်းသမျှ စုံစုံလင်လင် ဖြည့်ဆည်း ပေးထားပြီးလည်း ဖြစ်ပါကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး ဆရာတော်ထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ထို့အပြင် ဒေသခံ အငြိမ်းစား ဆရာဝန်ကြီးများ၊ အထူးကုဆရာဝန်ကြီးများကလည်း ကုသိုလ်ယူသည့် အနေဖြင့် နေ့ရက်အလိုက် လာရောက်ကြည့်ရှု ကုသမှုပေးနိုင်စေရန် စီစဉ်ထားပြီးဖြစ်သည့်အတွက် မိမိတို့ပြသ ကုသလိုသည့် ရောဂါဝေဒနာများကို ပြသကုသမှု ခံယူနိုင်တော့မည်ဖြစ်ပါကြောင်း။

ဤသို့ ဆေးရုံကြီးပြီးမြောက်အောင်သာမက ဆေးရုံကြီးကို ရေရှည်ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးနှင့် သံဃာတော်များ၊ သီလရှင်များအား အခမဲ့ ဆေးဝါးကုသမှု၊ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် ရည်ရွယ်ပြီး ဇီဝိတဒါန သံဃာ့ဆေးရုံ(မန္တလေး)ကို အနီးကပ်ကြီးကြပ် ဩဝါဒပေးနိုင်ရန်အတွက် ဩဝါဒါစရိယဆရာတော်ကြီးများ အဖွဲ့ကို လည်းကောင်း၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မန္တလေးမြို့တော်ဝန်နှင့် မန္တလေးဒေသခံ မြို့မိမြို့ဖများပါဝင်သော နာယကအဖွဲ့ကိုလည်းကောင်း ဆရာတော်ကြီးများထံ တင်ပြလျှောက်ထား၍ ဖွဲ့စည်းပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ ထို့အပြင် ဆေးရုံလုပ်ငန်းများ စနစ်တကျနှင့် ပုံမှန်လည်ပတ်နိုင်ရေးအတွက် စီမံခန့်ခွဲမှုကော်မတီနှင့် လုပ်ငန်းကော်မတီများ၊ ဆပ်ကော်မတီများကို ဩဝါဒါစရိယ ဆရာတော်ကြီးများထံလျှောက်ထားဩဝါဒခံယူကာ ဖွဲ့စည်း ပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ ဆက်လက်၍လည်း ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူလျက် ဤဇီဝိတဒါနသံဃာ့ဆေးရုံကြီး (မန္တလေး)ကို အရှည်တည်တံ့ရပ်တည်နိုင်အောင် ဒေသခံစေတနာရှင်များက ဆက်လက် တာဝန်ယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ငွေပဒေသာပင်

ဆေးရုံကြီးဖြစ်မြောက်လာရာတွင် ဆေးရုံထိန်းသိမ်းစောင့်ရှောက် ပြုပြင်မွမ်းမံစရိတ်များ၊ ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်များအတွက် ဆွမ်း၊ ကွမ်း၊ ဝေယျာဝစ္စနှင့် ဆေးဝါးကုသပေးမှုစရိတ်များ၊ ဆေးရုံကြီးဝန်ထမ်းများအတွက် ထောက်ပံ့ငွေများအပါအဝင် ကုန်ကျစရိတ်အဝဝအတွက် နိုင်ငံတော်အစိုးရဌာနများအပါအဝင် စေတနာရှင်ပြည်သူများထံမှ ငွေပဒေသာပင်များ စိုက်ထူလှူဒါန်း နိုင်ရန် နှိုးဆော်လျက် အလှူခံခဲ့ပါကြောင်း။

ယင်းသို့ နိုင်ငံတော်အစိုးရဌာနများ၊ စေတနာရှင်မြို့မိမြို့ဖများ၊ စီးပွားရေး လုပ်ငန်းရှင်များထံမှ အလှူခံခဲ့သည့်အလျောက် ယခုအခါတွင် ဆေးရုံကြီးကို ရေရှည်ပုံမှန်လည်ပတ်နိုင်ရန် လိုအပ်သောအလှူငွေများ လက်ခံရရှိပြီးဖြစ်ရာ ငွေပဒေသာပင်စိုက်ထူပြီး ဇီဝိတဒါနသံဃာ့ဆေးရုံ(မန္တလေး)၏ ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စနစ်တကျ ထိန်းသိမ်းသုံးစွဲဆောင်ရွက်သွားရန် စီစဉ်ထားပြီးဖြစ်ပါကြောင်း။

တပည့်တော် တင်ပြလျှောက်ထားခဲ့သည်မှာ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(မန္တလေး)ကို ထူထောင်လျက် ဆရာတော်၊ သံဃာတော်များ၊ သီလရှင်များအား ဝိနည်းတော်နှင့် လျော်ညီစွာ ဆေးဝါးကုသမှုပေးနိုင်ရေးအတွက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ စေတနာ ရည်ရွယ်ရင်းနှင့်တကွ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(မန္တလေး) ဖြစ်ပေါ်လာရေးအတွက် တပည့်တော်တို့ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖ စေတနာရှင်များ၏ စေတနာသဒ္ဓါတရား ထက်သန်စွာ စီစဉ်စီမံဆောင်ရွက်ခဲ့မှုများကို အကျဉ်းမျှ လျှောက်ထားခဲ့ခြင်းဖြစ်ပါကြောင်း။

ဒေသခံ စေတနာရှင် မိဘပြည်သူများ၊ မြို့မိမြို့ဖများ၊ လုပ်ငန်းရှင်များ အနေဖြင့်လည်း ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(မန္တလေး) အရှည်တည်တံ့ခိုင်မြဲရေးနှင့် ဆေးရုံကြီး၏လုပ်ငန်းများ စနစ်တကျ ပုံမှန်လည်ပတ်နိုင်ရေးတို့အတွက် စေတနာ သဒ္ဓါတရားထက်သန်စွာဖြင့် အလှူငွေများ ဆက်လက်ပါဝင်လှူဒါန်းလျက် ဝိုင်းဝန်းကူညီ ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်ရင်း တပည့်တော်၏လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါကြောင်းဖြင့် လျှောက်ထားသည်။

ဆက်လက်၍ မန္တလေးတိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဇမဟာရဋ္ဌဂုရု အဘိဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မြတောင်တိုက်ရွှေဝါဝင်းကျောင်း ဆရာတော် ဘဒ္ဒန္တသာသနာဘိဝံသက သမ္မောဒနီယ သာရဏီယ ဩဝါဒကထာကို မြွက်ကြားတော်မူသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် ဇီဝိတဒါနသံဃာ့ဆေးရုံ(မန္တလေး)ဆောက်လုပ်သည့် မြေနှင့်စပ်လျဉ်းသောစာရွက်စာတမ်းများကို မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်ကလည်းကောင်း၊ ဇီဝိတဒါနသံဃာ့ဆေးရုံ(မန္တလေး) အဆောက်အအုံနှင့်စပ်လျဉ်းသော စာရွက်စာတမ်းများကို ဧဒင်အုပ်စုကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးချစ်ခိုင်ကလည်းကောင်း ဇီဝိတဒါနသံဃာ့ဆေးရုံ(မန္တလေး) စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ အငြိမ်းစား ဆေးရုံအုပ်ကြီး ဒေါက်တာဦးကိုလေးထံ လွှဲပြောင်းပေးအပ်ကြသည်။

ဆက်လက်၍ ဆေးရုံအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ မန္တလေးမြို့ဒေသခံများ၏ အလှူငွေများကို အလှူရှင်များကိုယ်စား အလှူရှင် ဦးစိန်မြင့်(ဒုံးပျံ ဂျုံစက်)က လည်းကောင်း၊ ရပ်ဝေးအလှူရှင်များ၏ အလှူငွေများကို အလှူရှင်များကိုယ်စား အလှူရှင်ဧဒင်အုပ်စု ကုမ္ပဏီလီမိတက် မန်နေဂျင်း ဒါရိုက်တာ ဦးချစ်ခိုင်ကလည်းကောင်း ဇီဝိတဒါနသံဃာ့ဆေးရုံ(မန္တလေး) ဘဏ္ဍာရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ကို(ထာဝရ) ကုမ္ပဏီအား ပေးအပ်လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် တို့သည် နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်သာသနာပိုင် အဘိဇမဟာရဋ္ဌဂုရု အဘိဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဝိသုဒ္ဓါရုံတိုက်သစ် ဝါဆိုကျောင်း ဆရာတော် ဘဒ္ဒန္တအဂ္ဂိယမဟာထေရ် အမှူးပြုသော ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဝန်ကြီးဌာနမှတပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးများနှင့် ဝန်ကြီးများသည် ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချအမျှပေးဝေ

ထို့နောက် စစ်ကိုင်းမြို့ သီတဂူဗုဒ္ဓတက္ကသိုလ် အဓိပတိ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရက အနုမောဒနာတရားတော်နှင့် ရေစက်ချ တရားတော်ကို ချီးမြှင့်တော်မူရာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ၊ ပရိသတ်တို့က နာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဗုဒ္ဓသာသန်စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာ ရွှေမိုးငွေမိုး ရွာသွန်းဖြိုးပေးကြသည်။

နေ့ဆွမ်းဆက်ကပ်

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဇီဝိတဒါနသံဃာ့ဆေးရုံ(မန္တလေး)ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံကြီးမှ တာဝန်ရှိသူများ၊ အလှူရှင်များ၊ ဆရာဝန်များနှင့် သူနာပြုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ဖွင့်ပွဲအထိမ်းအမှတ် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနား မကျင်းပမီ ဇီဝိတဒါနသံဃာ့ဆေးရုံ(မန္တလေး)ကမ္ပည်းမော်ကွန်းကြေးပြား ဖွင့်ပွဲအခမ်းအနားကို ဆေးရုံ၏အုပ်ချုပ်မှုရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မင်္ဂလာအချိန် နံနက် ၇နာရီ ၃၈ မိနစ်တွင် ဇီဝိတဒါနသံဃာ့ဆေးရုံ(မန္တလေး)ကမ္ပည်းမော်ကွန်း ကြေးပြားနှင့်ဆေးရုံတံဆိပ်တို့ကို တာဝန်ရှိသူများက ဖဲကြိုးဆွဲ၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်တို့က ကမ္ပည်းမော်ကွန်းကြေးပြားကို နံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ဇီဝိတဒါနသံဃာ့ဆေးရုံ(မန္တလေး)ကို မန္တလေးမြို့ ကန်တော်ကြီးကန်ပတ်လမ်း ပြည်ကြီးမွန်ဖောင်တော်ရှေ့ရှိ ၃၉ဒသမ၈၄၈က အကျယ်အဝန်းရှိသည့် မြေနေရာ၌ တည်ဆောက်ထားခြင်းဖြစ်သည်။ **(သတင်းစဉ်)**

ပြတ်ပြတ်သားသားထောက်ခံကြပါစို့

မောင်ဒဲ့ဒိုး

ဘကြီးဖြိုး။ လာစမ်းပါဦးကွ၊ မောင်ဒဲ့ဒိုး။ ငါတို့လာမယ့် မေလ ၁၀ ရက်နေ့မှာ ဆန္ဒမဲပေးရမယ့်ကိစ္စကို တချို့ကလည်း မထည့်ကြနဲ့လို့ ပြောတယ်။ တချို့ကတော့ ထည့်ရင်လည်း ကန့်ကွက်မဲထည့်လို့ပြောနေတယ်။ အဲဒါငါတို့မဲထည့်သင့်၊ မထည့်သင့် မင်းအမြင်ကလေးကို ပြောစမ်းပါဦးကွာ။

မောင်ဒဲ့ဒိုး။ ဘကြီးဖြိုးကရော ဘယ်လိုစိတ်ကူးထားသလဲ။ မဲထည့်မှာလား၊ မထည့်ဘူးလား။

ဖြိုး။ ဟ-ဒါကတော့ ငါတို့မဲထည့်ရင် ဘာအကျိုးကျေးဇူးရမလဲ၊ မဲမထည့်ဘဲနေရင် ဘာတွေဆုံးရှုံးမှုဖြစ်မလဲ ဆိုတဲ့အပေါ် မူတည်မှာပေါ့။ ထောက်ခံမဲနဲ့ ကန့်ကွက်မဲလည်း ဒီလိုပဲပေါ့။ ဒါပေမယ့် ငါတို့က သာမန်အရပ်သူ အရပ်သားဆိုတော့ အဲဒါတွေ သိပ်နားမလည်ဘူးလေကွာ။ ဖြစ်နိုင်ရင်တော့ မဲသွားမထည့်ဘဲနေလို့ရရင်လည်း အိမ်မှာပဲ သက်သက်သာသာ နေမှာပေါ့။ သွားရတောင် သက်သာသေး။

ဒိုး။ ဟုတ်တာပေါ့၊ ဘကြီးဖြိုးရဲ့ မသွားဘဲနေလို့ဖြစ်ရင်တော့ ဘယ်သူက အပင်ပန်းခံပြီးမဲသွားထည့်ပါ့မလဲ။ ဒါပေမယ့် မဲထည့်ဖို့၊ မထည့်ဖို့က သေချာတော့ စဉ်းစားသင့်တယ်နော်။ အဓိကအချက်ကတော့ ကျွန်တော်တို့ ဆန္ဒမဲပေးပွဲမှာ ထောက်ခံမဲပေးလိုက်ရင်၊ ထောက်ခံမဲအများစုရရင် ကျွန်တော်တို့ နိုင်ငံအတွက် အခြေခံဥပဒေတစ်ခု ရှိလာမယ်။ ကန့်ကွက်မဲပေးတဲ့လူများရင်၊ ဒါမှမဟုတ် မဲမပေးတဲ့လူများရင် အခြေခံဥပဒေကို အတည်မပြုနိုင်ဘူး။

ဖြိုး။ မင်းတို့ အခြေခံဥပဒေဆိုတာကြီးကို ငါတို့ကဘာလုပ်ရမှာတုံး မောင်ဒဲ့ဒိုးရ။ အခြေခံဥပဒေဆိုတာ ရှိတော့ရော ဘာထူးခြားလာမှာတုံး၊ ငါတို့ ဒီလိုပဲနေလာတာကြာခဲ့ပါပြီ မောင်ရာ။ မင်းဟာကြီး ရှိ-ရှိ၊ မရှိ-ရှိ ကိုယ်လုပ်မှ ကိုယ်စားရတာပဲ မဟုတ်လား။

ဒိုး။ ကျွန်တော်ကလည်း အဲဒါပြောချင်နေတာ ဘကြီးဖြိုးရဲ့။ အခြေခံဥပဒေရှိတာ မရှိတာ ဘာကွာသလဲဆိုတာ။ ပထမဆုံးအချက်ကတော့ အခြေခံဥပဒေဆိုတာ ရှိလာရင် ဘကြီးဖြိုးတို့၊ကျွန်တော်တို့လို သာမန်ပြည်သူတွေမှာ အခွင့်အရေးတွေ အများကြီးပိုရလာမယ် ဆိုတာပဲ။

ဖြိုး။ လုပ်စမ်းပါဦးကွာ၊ ဘာအခွင့်အရေးတွေများ ရမှာတုံး။ အခွင့်အရေးဆိုရင်တော့ နည်းနည်းတော့စိတ်ဝင်စားလာသလိုပဲ။ ပြည်တော်သာခေတ်ကလို လူတစ်ကိုယ် တိုက်တစ်လုံး၊ ကားတစ်စီး၊ လစဉ်ဝင်ငွေ ရှစ်ရာဆိုတာမျိုးလား။ အခုခေတ်မှာ ရှစ်ရာတော့ မလုပ်နဲ့မောင်ရေ၊ ရှစ်သောင်းလောက်ဆိုရင်တော့ ဟုတ်တုတ်တုတ်ပဲ။

ဒိုး။ ဟာ-ဘကြီးဖြိုးကလဲ။ အစိုးရကို အစစအရာရာ အားကိုးတဲ့ခေတ်က ကုန်သွားပြီဗျ။ အခုခေတ်က ကိုယ့်အား ကိုယ်ကိုးပြီး ကြီးပွားအောင်လုပ်ရမယ့် ခေတ်ဖြစ်လာပြီ။ ရလာမယ့် အခွင့်အရေးဆိုတာလည်း ဒါပဲ။ ကိုယ့်စီးပွားရေး၊ ကြီးပွားရေးကို ဥပဒေဘောင်ထဲမှာ လွတ်လွတ်လပ်လပ် အေးအေးချမ်းချမ်း လုပ်ကိုင်စားသောက်နိုင်ခွင့်ရှိလာမယ်။ စီးပွားရေးမှာ တစ်ဦးတစ်ယောက်၊ တစ်စုတစ်ဖွဲ့တည်းက လက်ဝါးကြီးအုပ်ထားတာမျိုးကို တားဆီးကာကွယ်ပေးမယ်။ ကိုယ့်စီးပွားရေးလုပ်ငန်းကို ပြည်သူပိုင် သိမ်းခံရမှာ ပူစရာမလိုဘူး။ ကိုယ့်ပိုက်ဆံတွေ တရားမဝင် ငွေစက္ကူ ကြေညာခံရမှာ ပူစရာမလိုတော့ဘူး။ အခုလာမယ့် အခြေခံဥပဒေမှာ အာမခံချက်ပေးထားတယ်။ တောင်သူလယ်သမားတွေအတွက်လည်း ကိုယ်စိုက်ပျိုးတဲ့သီးနှံတွေကို ဈေးနှိမ်ပြီး ဝယ်တာမျိုး မရှိရအောင်၊ သင့်တင့်မျှတတဲ့ တန်ဖိုးရအောင်လုပ်ပေးမယ်။ လယ်သမားအခွင့်အရေး၊ အလုပ်သမားအခွင့်အရေးတွေ ကာကွယ်စောင့်ရှောက်ဖို့ လိုအပ်တဲ့ ဥပဒေတွေ ပြဋ္ဌာန်းပေးမယ်။ အဓမ္မစေခိုင်းတာတွေကို တားမြစ်ထားသလို၊ တစ်စုံတစ်ယောက်ရဲ့ အသက်ကိုပဲဖြစ်ဖြစ်၊ ကိုယ်ပိုင်လွတ်လပ်ခွင့်ကိုပဲဖြစ်ဖြစ် နစ်နာဆုံးရှုံးမှု မရှိစေဖို့ အာမခံချက်လည်းပေးထားတယ်။ ဥပဒေနဲ့အညီ လူတိုင်း လွတ်လပ်စွာ ပြောဆိုရေးသားခွင့်ရှိမယ်။ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်၊ စည်းရုံးဖွဲ့စည်းခွင့်၊ လွတ်လပ်စွာ ကိုးကွယ်ခွင့်ရှိမယ်။ နိုင်ငံသားအချင်းချင်း၊ ကျား၊ မ၊ လူမျိုး၊ ဘာသာ၊ ဇာတိ၊ ရာထူး၊ အဆင့်အတန်း၊ ဆင်းရဲ ချမ်းသာ စတာတွေကို အကြောင်းပြုပြီး ခွဲခြားမှုမရှိဖို့ အာမခံတယ်။ ပြည်သူတွေ အလုပ်လက်မဲ့နည်းပါးအောင် နိုင်ငံတော်က တတ်နိုင်သမျှ ဆောင်ရွက်သွားမှာဖြစ်သလို မိခင်နဲ့ကလေးတွေ၊ မိဘမဲ့ကလေးတွေ၊ တိုက်ပွဲကျ တပ်မတော်သားတွေရဲ့ ကလေးတွေ၊ အိုမင်းမစွမ်းတဲ့သူတွေ၊ မသန်စွမ်းတဲ့ သူတွေကိုလည်း နိုင်ငံတော်က ကြည့်ရှုစောင့်ရှောက်သွားမယ်။ ပညာထူးချွန်တဲ့သူတွေကိုလည်း လူမျိုး၊ ဘာသာမခွဲခြားဘဲ အရည်အချင်းအလိုက် ချီးမြှောက် ထောက်ပံ့သွားမယ်။ အဓိကအနေနဲ့ကတော့ လူတိုင်းရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကို ကာကွယ်ပေးပြီး တန်းတူညီမျှ အခွင့်အလမ်းတွေရအောင် နိုင်ငံတော်က အားပေးထောက်ပံ့သွားမယ့် သဘောပါပဲ။

ဖြိုး။ ကောင်းပါလေ့ကွာ။ နို့ပေမယ့် မင်းပြောတဲ့ အခွင့်အရေးတွေရအောင် ဒို့တွေက ဘယ်သူ့ သွားပြောရမှာတုံး၊ ငါတို့တောသူတောင်သားဆိုတာက မင်းနားစိုးပေါက်လည်း မဟုတ်တော့ ရုံးပြင်ကနားလည်း ရောက်ဖူးတာမဟုတ်ဘူး။

ဒိုး။ အဲဒါဟာ အခြေခံဥပဒေမှာ အရေးကြီးဆုံးပေါ့ ဘကြီးဖြိုးရာ။ ဘကြီးဖြိုးတို့ပြောချင်တာ ဆိုချင်တာရှိရင် ပြောလို့ ဆိုလို့ရအောင် ဘကြီးဖြိုးတို့က စိတ်ချယုံကြည် အားကိုးရတဲ့ ကိုယ်စားလှယ်တစ်ယောက်ရွေးပြီး ပြောခိုင်းလို့ရတယ်။ အဲဒီလိုကိုယ်စားလှယ်ရွေးတာကလည်း ဘကြီးဖြိုးတို့ မဲပေးပြီး ရွေးကောက်ပွဲနဲ့ ရွေးရဦးမှာ။ အဲဒီလိုကိုယ့်ရဲ့ ကိုယ်စားလှယ်ကို ကိုယ့်ဘာသာမဲပေးပြီး ရွေးခွင့်ရှိတာ အခြေခံဥပဒေအတည်ဖြစ်မှ ဖြစ်လာမှာလေ။

ဖြိုး။ မင်းပြောတဲ့ ကိုယ်စားလှယ်ဆိုတာ ဟိုး-ပါလီမန်ခေတ်တုန်းက ပါလီမန်အမတ်ကို ပြောတာလား။ ဒို့များတွေ့ဖူးခဲ့ပါပြီ မောင်ရာ။ မဲမထည့်ခင်ကတော့ လေတစ်လုံး မိုးတစ်လုံးနဲ့ သူ့ကို မဲထည့်ရင် ပဒေသာပင် မြေက ထပေါက်တော့မလိုနဲ့၊ ငါတို့ရွာ လျှပ်စစ်မီးရအောင် လုပ်ပေးမလေး ဘာလေး မိုးလားကဲလား ပြောပြီးတော့ သူသာ ပါလီမန်အမတ်ဘဝက ပြုတ်သွားတယ်၊ ငါတို့ကတော့ ရေနံဆီမီးခွက်ဘဝက မတက်ခဲ့ပါဘူး။ ဒီဘက်ခေတ်ရောက်မှ လျှပ်စစ်မြစ်ရေတင်စီမံကိန်းတွေဘာတွေနဲ့ဟန်ကျသွားတာ။

ဒိုး။ ဒါကတော့ ဘကြီးဖြိုးရာ၊ ဒီမိုကရေစီဆိုတာ ဒီလိုပဲဗျ။ ဗီဒီယိုဇာတ်ကားကြည့်ရင် နာမည်ကြီးမင်းသား မင်းသမီး ပါရုံနဲ့ ဇာတ်ကားကောင်းမှာပဲလို့ ထင်လို့မရသလို ဘယ်ပါတီ၊ ညာပါတီ၊ နာမည်ကြီးပါတီက အမတ်လောင်းဆိုပေမယ့်လည်း ကိုယ့်မြို့ကိုယ့်ရွာ ကောင်းစားရေး တကယ်လုပ်ပါ့မလားဆိုတာ ယုံစားလို့မရဘူး။ တည့်တည့်ပြောရရင် နွားပွဲစား နွားမဝယ်ခင် နွားကြည့်သလို ပါးစပ်ဖြဲကြည့်လိုက်၊ အမြီးလှန်ကြည့်လိုက်၊ ချိုကြည့်လိုက်၊ ဗွေကြည့်လိုက်နဲ့ စစ်စစ်ပေါက်ပေါက် ကြည့်နိုင်မှ တန်ကာကျတာ၊ ရွေးတတ်ရင်တော့ ခိုင်းကောင်းတဲ့(အဲလေ) အားကိုးရတဲ့ လွှတ်တော်ကိုယ်စားလှယ် ရနိုင်ပါတယ်။

ဖြိုး။ နိုင်ငံရေးသမားဆိုတာတော့ လေကခပ်များများပါကွာ။

ဒိုး။ သူတို့အလုပ်ကိုက လေနဲ့လုပ်စားရတဲ့ အလုပ်ကိုး ဘကြီးဖြိုးရဲ့။ ပါလီမန်ဆိုတာကိုက စကားပြောတဲ့နေရာလို့ ခေါ်တာ။ သူတို့လွှတ်တော် ကိုယ်စားလှယ်တွေရဲ့ အလုပ်က ကိုယ့်ကိုရွေးချယ်တင်မြှောက်ပေးတဲ့ မဲဆန္ဒရှင် ပြည်သူတွေ အကျိုးအတွက် ပြည်သူတွေရဲ့ လိုအပ်ချက်တွေ၊ လိုအင်ဆန္ဒတွေကို တင်ပြပေးဖို့၊ မဲဆန္ဒရှင်တွေရဲ့ အခွင့်အရေးကို ကာကွယ်ပေးဖို့၊ မဲဆန္ဒရှင် ပြည်သူတွေ ကြီးပွားချမ်းသာအောင် ကိုယ့်မဲဆန္ဒနယ် တိုးတက်ဖွံ့ဖြိုးအောင် လုပ်ပေးဖို့ပဲလေ။

ဖြိုး။ မင်းဥစ္စာတွေက ပြောရုံနဲ့ဖြစ်လာမှာလား ကိုယ့်လူရာ။

ဒိုး။ ပြောရုံနဲ့တော့ဘယ်ဖြစ်ပါ့မလဲ ဘကြီးဖြိုးရဲ့။ ကိုယ်လိုချင်တဲ့ ကိစ္စတွေကို ဥပဒေကြမ်းအဖြစ်နဲ့ပြုစုပြီး အများသဘောတူ မဲခွဲဆုံးဖြတ်လို့ မဲအများစုရရင် အဲဒါဟာ အတည်ဖြစ်ပြီး အစိုးရက အဲဒီဥပဒေအတိုင်း လိုက်ပြီး လုပ်ပေးရတာပေါ့။ ဥပမာဆိုပါတော့- ဘကြီးဖြိုးတို့ တောင်သူလယ်သမားတွေက စိုက်ပျိုးစရိတ်ချေးငွေတွေနည်းလို့ ဒီထက်ပိုလိုချင်တယ်ဆိုရင် လွှတ်တော်ကိုယ်စားလှယ်တွေက စိုက်ပျိုးစရိတ်ချေးငွေ တိုးမြှင့်ရေးဥပဒေကြမ်းကို ပြုစုပြီး လွှတ်တော်မှာတင်မယ်။ လွှတ်တော်မှာ ဒီကိစ္စကို သဘောတူတဲ့သူနဲ့ သဘောမတူတဲ့သူတွေ ဆွေးနွေးငြင်းခုံကြမယ်။ အစိုးရဌာနက တာဝန်ရှိတဲ့ သူတွေကို ခေါ်ပြီး စုံစမ်းမေးမြန်းမယ်။ နောက်ဆုံးညှိနှိုင်း အတိုးအလျှော့လုပ်ပြီး မဲခွဲဆုံးဖြတ်မယ်။ မဲနိုင်ရင် ဘကြီးဖြိုးတို့ စိုက်ပျိုးစရိတ်ချေးငွေ ပိုရလာမှာပေါ့။

ဖြိုး။ ဒါဆို အခြေခံဥပဒေမရှိရင် လွှတ်တော်လည်း မရှိဘူး။ လွှတ်တော်မရှိရင် ငါတို့လိုချင်တာ၊ ပြောချင်တာတွေ ပြောစရာနေရာ မရှိဘူးပေါ့ ဟုတ်လား။

ဒိုး။ သေချာတာပေါ့ ဘကြီးဖြိုးရာ။ လွှတ်တော်ထဲမှာ လွှတ်တော် ကိုယ်စားလှယ်တွေဟာ ဘယ်သူ့ကိုမှ ကြောက်စရာ မလိုဘဲ လွှတ်တော်စည်းကမ်းနဲ့အညီ လွတ်လွတ်လပ်လပ် ပြောချင်တာပြောလို့ရတယ်။အာဏာရတဲ့ အစိုးရကိုလည်း နှစ်ပြားမတန်အောင် ဝေဖန်လို့ရတယ်။အဲဒီအတွက်အရေးယူခံရမှာကို ဘာမှ ကြောက်စရာမလိုဘူး။ ဥပဒေနဲ့ကာကွယ်ပေးထားတယ်။ အယုတ္တ အနတ္တဆဲတာဆိုတာ၊ အမတ်မင်းတွေ တစ်ယောက်နဲ့ တစ်ယောက် ရန်ဖြစ် နပန်းလုံးတာမျိုးတော့ မရဘူးပေါ့ဗျာ။ လွှတ်တော်အမတ်ဆိုတာ ဂုဏ်သိက္ခာတော့ ရှိရမှာပေါ့။ လွှတ်တော်မှာ ပြောဆိုနေတာတွေကိုလည်း စည်းကမ်းနဲ့အညီ ပြည်သူတွေကဝင်ပြီး နားထောင်လို့ ရတယ်လေ။

ဖြိုး။ ဒါဆိုရင်တော့ အကောင်းသားပေါ့ကွာ။ ဒါပေမယ့် ငါ တစ်ခုတော့ မေးပါရစေဦး။ အခုနိုင်ငံရေးသမားတွေက စစ်အစိုးရလက်ထက်မှာ လွတ်လွတ်လပ်လပ် ပြောခွင့်မရှိဘူး။ ဘာအခွင့်အရေး၊ ညာအခွင့်အရေး မရဘူး။ အဓမ္မအခိုင်းခံနေရတယ်၊ ဘာ-ညာနဲ့ သူတို့ပဲ ပြောနေပြီးတော့ အဲဒီအခွင့်အရေးတွေကို အာမခံချက်ပေးထားတဲ့ အခြေခံဥပဒေကိုကျတော့ ဘာလို့ မဲမထည့်ဖို့၊ကန့်ကွက်ဖို့ အော်နေကြပြန်တာလဲ။

ဒိုး။ ဒါကတော့ ဘကြီးဖြိုးရာ။အစိုးရကဗျိုင်းဆိုတာ ဖြူပါတယ်ဆိုရင် သူတို့က မျက်စိစုံမှိတ်ပြီး ကျီးကန်းလို မည်းပါတယ်လို့ အော်ဦးမှာပဲ။ ပြီးတော့လဲ ပါးစပ်ကသာ စစ်အစိုးရ အလိုမရှိလို့ အော်နေတာ။ စိတ်ထဲမှာတော့ စစ်အစိုးရ သက်တမ်းရှည်ပါစေလို့ ဆုတောင်းနေကြတာဗျ။

ဖြိုး။ မင်းဟာက ဘယ်လိုကြီးတုံးကွ၊ ရှုပ်ကုန်ပြီ။

ဒိုး။ ဒီလိုပါ ဘကြီးဖြိုးရဲ့။ အဲဒီလို စစ်အစိုးရ အလိုမရှိလို့ အော်နေတဲ့ နိုင်ငံရေးသမားတွေက အော်နိုင်လို့ စားပေါက်ချောင်နေတာ။ အဲဒီလိုအော်ဖို့ သူတို့ကိုနောက်က ဒေါ်လာတွေ သန်းပေါင်းများစွာ ပေးထားတာ။ ပြောင်ပြောင် တစ်မျိုး၊ တိတ်တိတ်တစ်မျိုး နည်းအမျိုးမျိုးနဲ့ ပေးနေတာလေ။ အခြေခံဥပဒေပေါ်လာလို့ စစ်အစိုးရ မရှိတော့ရင် သူတို့အော်စရာမရှိတော့ စားပေါက်လည်း ပိတ်ပြီပေါ့။ ဒါကြောင့်မို့ အခြေခံဥပဒေလည်း အတည်မဖြစ်အောင်၊ စစ်အစိုးရလည်း သက်တမ်းရှည်အောင် ဆန္ဒမဲမပေးဖို့၊ ပေးရင်လည်း ကန့်ကွက်မဲပေးဖို့ အသည်းအသန် လှုံ့ဆော်နေကြတာပေါ့ ဘကြီးဖြိုးရဲ့။

ဖြိုး။ ဟုတ်ပြီ၊ ဟုတ်ပြီ။ ဒီလိုဆိုရင်တော့ အတော်ကလေး ရှင်းသွားပါပြီကွာ။ **ဒို့ကတော့ ဘယ်သူတွေဘာပြောပြော ဒို့ပြည်သူတွေ ရသင့်ရထိုက်တဲ့ အခွင့်အရေးရဖို့၊ ဒို့ပြောချင်တာတွေ လွတ်လွတ်လပ်လပ်ပြောခွင့်ရဖို့၊လွတ်လွတ်လပ်လပ် အေးအေးချမ်းချမ်း တန်းတူရည်တူလုပ်ကိုင်စားသောက်နိုင်ဖို့ ဒီဆန္ဒမဲပေးပွဲကြီးမှာ ပြတ်ပြတ်သားသား ထောက်ခံမဲပေးလိုက်တော့မယ်ကွာ။** ။

● နိုင်ငံသစ်ဆီ ဒို့ဦးတည် အခြေခံဥပဒေ အတည်ပြုမည်။

ရတနာပုံမြို့သစ်စီမံကိန်းအကောင်အထည်ဖော်သည့်နေရာသည် တောင်ပေါ်စခန်းမျိုးဖြစ် ရာသီဥတုကောင်းမွန်ပြီး ဆက်သွယ်သွားလာရန် လွယ်ကူ၍ ဖွံ့ဖြိုးမှုလျင်မြန်မည်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ရတနာပုံမြို့သစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၂၀

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်၌ တည်ဆောက်လျက်ရှိသည့် ရတနာပုံမြို့သစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ၁၉ရက် မွန်းလွဲ၁နာရီက မန္တလေးမြို့ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက အဖွင့်အမှာစကားပြောကြားရာ၌ နိုင်ငံတော်၏ လမ်းညွှန်မှုများနှင့်အညီ သတင်းနှင့်ဆက်သွယ်ရေးနည်းပညာကို အခြေခံသည့် တောင်ပေါ်ရတနာပုံမြို့သစ်စီမံကိန်းကို မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်၌ မိမိတို့တည်ဆောက်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ဧကတစ်သောင်း ကျယ်ဝန်းသည့် မြေနေရာ၌ စီမံကိန်းလုပ်ငန်းများကို စတင် အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ပြီးခဲ့သည့် ၂၀၀၇ခုနှစ် ဒီဇင်ဘာလတွင် မြို့သစ် တည်ဆောက်ရေး စီမံကိန်းများအနက် အဓိကအဆောက်အအုံများ ပြီးစီးပြီဖြစ်၍ ပဏာမ ဖွင့်ပွဲအခမ်းအနားကို ကျင်းပခဲ့ပြီးလည်းဖြစ်ကြောင်း။

မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်တင်ငွေ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

စီစဉ်ချထားပေး

ရတနာပုံမြို့သစ် စီမံကိန်း၌ လာရောက် ရင်းနှီးမြှုပ်နှံကြသည့် စီးပွားရေးလုပ်ငန်းရှင်များအတွက် လိုအပ်သည့် လုပ်ငန်းအဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများ၊ အခြားပုဂ္ဂလိက လာရောက်နေထိုင်လိုသူများအတွက် အိမ်ရာများကို အကွက်ကျကျ တည်ဆောက်သွားနိုင်ရန် မြေနေရာများ စီစဉ်ချထားပေးသွားမည်ဖြစ်ကြောင်း။

နိုင်ငံတော် အကြီးအကဲ ကလည်း ရတနာပုံမြို့သစ် မြန်မြန်ဆန်ဆန် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လိုအပ်သည့် လမ်းညွှန်မှုများကို ပေးထားပြီးဖြစ်ကြောင်း။

ဖွံ့ဖြိုးတိုးတက်မှု လျင်မြန်မည့် စီမံကိန်း

ရတနာပုံမြို့သစ် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် နေရာသည် တောင်ပေါ်စခန်း နေရာမျိုးဖြစ်ပြီး ရာသီဥတု ကောင်းမွန်ခြင်း၊ ဆက်သွယ်သွားလာရန် လွယ်ကူခြင်းစသည့် အချက်များကြောင့် ဖွံ့ဖြိုးတိုးတက်မှု လျင်မြန်မည့် စီမံကိန်းနေရာဖြစ်ကြောင်း။

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် သိန်းဇော်ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အိမ်မြေယာကွက်များ ဖော်ထုတ်

စီမံကိန်းလုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရာ၌ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စီးပွားရေးလုပ်ငန်းရှင်များသည် အဆက်အစပ်ရှိရှိ ပူးပေါင်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ ပုဂ္ဂလိက လုပ်ငန်းရှင်များအား ဖိတ်ခေါ်၍ အိမ်မြေယာကွက်များကို စနစ်တကျ ဖော်ထုတ်သွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရက အခြေခံလိုအပ်ချက်များဖြစ်သည့် လမ်းများကောင်းမွန်အောင်၊ လျှပ်စစ်မီး ရေရရှိအောင် ဖြည့်ဆည်း စီမံပေးထားပြီးလည်းဖြစ်ကြောင်း။

တည်ဆောက်ရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ အတွေ့အကြုံ အများအပြားလည်း မိမိတို့ ရရှိထားပြီးဖြစ်ကြောင်း။

အထူးသဖြင့် တိုးတက်မှုမြန်ဆန်သည့် နေပြည်တော်ရှိ မြို့သစ်တည်ဆောက်ရေး လုပ်ငန်းများ၏ ဖော်ထုတ်နေရာချထားမှုများကို နမူနာယူ၍ မိမိတို့ ဒေသအခြေအနေနှင့် ကိုက်ညီအောင် နည်းလမ်းများရှာကြံ အကောင်အထည်ဖော်သွားရန် လိုကြောင်းဖြင့် မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေက ရတနာပုံမြို့သစ် တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏ လမ်းညွှန်မှုများနှင့်အညီ ဆောက်လုပ်ရေးလုပ်ငန်းရှင်များနှင့်ပူးပေါင်း၍ လူနေအိမ်ရာများကို ထူထောင်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် ဌေးဦး ရှင်းလင်း တင်ပြစဉ်။ (သတင်းစဉ်)

သိန်းဇော်က ရတနာပုံမြို့သစ် တည်ဆောက်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရသည့် ရည်ရွယ်ချက်များ၊ ပထမအဆင့် စီမံကိန်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ရတနာပုံ မြို့သစ်၌ လာရောက်ရင်းနှီးမြှုပ်နှံမည့် ကုမ္ပဏီများနှင့် လုပ်ငန်း အမျိုးအစားများ၊ စီမံကိန်း၌ လမ်းများဖောက်လုပ်ပြီးစီးမှု၊ မီး၊ ရေ၊ ရရှိမှု အခြေအနေများ၊ အကောင်အထည်ဖော်ဆောင်ရွက်သွားမည့်အိမ်ရာစီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ရေရရှိရေး

ယင်းနောက်လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ရတနာပုံမြို့သစ်အတွက် ရေရရှိရေး လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ရေဖြန့်ဖြူးပေးလျက်ရှိသည့် အခြေအနေများ၊ ရေရရှိရေး စီမံကိန်းလုပ်ငန်းများ ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်က ရတနာပုံမြို့သစ် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများတွင် ညှိနှိုင်းတာဝန်ယူ ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ တယ်လီဖုန်းရရှိရေး၊ မြေကွက်တိုင်းတာဖော်ထုတ်ရေးတို့နှင့် စပ်လျဉ်း၍ ဌာနအလိုက် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ဝိုင်းဝန်းကြိုးပမ်း

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး ရတနာပုံမြို့သစ်ကို လှပပြီး ခေတ်မီ အိုင်စီတီမြို့တော်အဖြစ် ပုံပေါ်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ ယင်းသို့ အကောင်အထည်ဖော်ရာ၌ သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းမှု မရှိစေရေးအတွက်လည်း အလေးထားသွားကြရမည်ဖြစ်ကြောင်း။

တက်ညီလက်ညီ

အိမ်ရာများကို ဖော်ထုတ်တည်ဆောက်ရာ၌လည်း စည်ပင်သာယာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ တက်ညီလက်ညီပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းနှင့် နိဂုံးချုပ်အမှာစကား ပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

21-4 (11).pmd 1 4/21/2008, 12:11 AM

နေပြည်တော်မဟာသကြိန် Tour Gold Cup ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဧပြီ ၂၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် ဧပြီ ၁၆ရက် နံနက် ၈နာရီခွဲက နေပြည်တော်ဂေါက်ကွင်း၌ ဧပြီ ၁၃ရက် သင်္ကြန်အကျနေ့မှ ဧပြီ ၁၅ရက် သင်္ကြန်ဒုတိယအကြတ်နေ့အထိ ကျင်းပခဲ့သော နေပြည်တော်မဟာသကြိန် Tour Gold Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး နေပြည်တော် မဟာသကြိန် Tour Gold Cup ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို Tracer Ball ရိုက်၍ စတင်ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

အဆိုပါ ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဝင်များ၊ ကာကွယ်ရေးဝန်ကြီး ဌာနမှ တပ်မတော်အရာရှိကြီးများ၊ အစိုးရ အဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီး များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ကြီး ဌာနများ၊ တိုင်းစစ်ဌာနချုပ်များ၊ ပြည်နယ် နှင့် တိုင်းများနှင့် ဂေါက်ကလပ်အသင်းများ အပါအဝင် ပြိုင်ပွဲဝင်အသင်း ၂၆သင်းတို့မှ အားကစားသမား ၁၅၆ဦးတို့ တက်ရောက်ကြသည်။

ပါဝင်ယှဉ်ပြိုင်ကစားခဲ့

နေပြည်တော် မဟာသကြိန် **Tour Gold Cup** ဂေါက်သီးရိုက်ပြိုင်ပွဲကို ဧပြီ၁၃ရက် သင်္ကြန်အကျနေ့မှ ဧပြီ ၁၅ ရက် သင်္ကြန် ဒုတိယအကြတ်နေ့ အထိ နေပြည်တော်ဂေါက်ကွင်း၊ မြို့တော်ဂေါက်ကွင်းနှင့် ရေပြာဂေါက်ကွင်းတို့၌ ကျင်းပခဲ့ရာ ပြိုင်ပွဲတွင် ဝန်ကြီးဌာနများ၊ တိုင်းစစ်ဌာနချုပ်များ၊ ပြည်နယ်နှင့်တိုင်းများမှ အသင်းများနှင့် ဂေါက်ကလပ်အသင်းများ ပါဝင်သော ပြိုင်ပွဲဝင်အသင်း ၂၆သင်းတို့မှ အားကစားသမား၁၅၆ဦးတို့ ပါဝင်ယှဉ်ပြိုင် ကစားခဲ့ကြသည်။

နှစ်စဉ်ကျင်းပသွားရန်စီစဉ်

၎င်း ပြိုင် ပွဲ ကို ဂေါက် သီး ရိုက် အားကစား အဆင့်အတန်း မြင့်မားလာစေရေးနှင့်နေပြည်တော်ရှိဂေါက်ကွင်းများအဆင့် အတန်းမြင့်မားစေရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲကိုနှစ်စဉ်ကျင်းပ သွားရန် စီစဉ်ထားကြောင်း သိရှိရသည်။

နေပြည်တော်တွင်၁၈ကျင်းစီရှိသော နေပြည်တော်ဂေါက်ကွင်း၊ မြို့တော်ဂေါက် ကွင်းနှင့် ရေပြာဂေါက်ကွင်း သုံးကွင်းရှိရာ နေပြည်တော်ဂေါက်ကွင်းသည် Fairway (၇၀၀၇)ကိုက်၊ မြို့တော် ဂေါက်ကွင်းသည် Fairway(၇၀၅၉)ကိုက်နှင့် ရေပြာဂေါက် ကွင်းသည် Fairway (၆၁၈၃) ကိုက်ရှိကြပြီး ပြိုင်ပွဲဝင်အသင်း၂၆သင်းသည် အုပ်စု သုံးစုခွဲ၍နေ့စဉ်အဆိုပါကွင်းများ၌အလှည့်ကျ ဂေါက်သီးရိုက် ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲ အခမ်း အနားများကို ဧပြီ ၁၃ရက် သင်္ကြန် အကျနေ့ နံနက်ပိုင်းတွင်နေပြည်တော် ဂေါက်ကွင်း၊ မြို့တော်ဂေါက်ကွင်းနှင့် ရေပြာဂေါက်ကွင်းတို့၌ကျင်းပခဲ့သည်။

နေပြည်တော်ဂေါက်ကွင်း၌ကျင်းပသည့် ဖွင့်ပွဲ အခမ်းအနားကို နိုင်ငံတော်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်း ရေးမှူး(၁)စစ်ထောက်ချုပ်ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက Tracer Ball ကိုရိုက်၍ ပြိုင်ပွဲကို စတင်ဖွင့်လှစ်ပေး ခဲ့သည်။

အလားတူ မြို့တော်ဂေါက်ကွင်း၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး နေပြည်တော် မြို့တော်ဝန် ဗိုလ်မှူးကြီး သိန်းညွန့်က လည်းကောင်း၊ ရေပြာဂေါက်ကွင်း၌ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်ကလည်းကောင်း Tracer Ballများကို ရိုက်၍ ပြိုင်ပွဲကိုစတင်ဖွင့်လှစ် ပေးခဲ့ကြသည်။

နေပြည်တော် မဟာသကြိန် Tour Gold Cup ဂေါက်သီးရိုက်ပြိုင်ပွဲကို နေပြည်တော်မြို့တော်ဝန်က တာဝန်ယူ စီစဉ်ကျင်းပပေးခြင်းဖြစ်ပြီး ကွင်းသုံး ကွင်း၌ ပါဝင် ယှဉ်ပြိုင်ကြသော ပြိုင်ပွဲ ဝင်အသင်းများ အပြင် အပျော်တမ်း ဂေါက်သီးရိုက် ဝါသနာရှင်များပါ ပါဝင် ယှဉ်ပြိုင်ကစားကြရာ ကွင်းအသီးသီးတွင် အပျော်တမ်းဂေါက်သီး ရိုက်ဝါသနာရှင်များ အနက် ဆုရရှိသူများအား နေ့စဉ်ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ ဂေါက်ကွင်း သုံးကွင်းတွင် တပ်မတော်(ကြည်း)အသင်း၊ ရေတပ် ကလပ်အသင်း၊ လေတပ်ကလပ်အသင်း၊ နေပြည်တော်တိုင်း(က)အသင်း၊ နေပြည် တော်တိုင်း(ခ)အသင်း၊ စီးပွား/ကူးသန်း အသင်း၊ ပြည်ထဲရေး(က)အသင်း၊ ပြည်ထဲ ရေး(ခ)အသင်း၊ နယ်စပ်/စည်ပင်အသင်း၊ သစ်တောရေးရာအသင်း၊ ကချင်ပြည်နယ် အသင်း၊ ကယားပြည်နယ်အသင်း၊ ကရင် ပြည်နယ်အသင်း၊ စစ်ကိုင်းတိုင်းအသင်း၊ ပဲခူးတိုင်း(အရှေ့ပိုင်း)အသင်း၊ ပဲခူးတိုင်း (အနောက်ပိုင်း)အသင်း၊မကွေးတိုင်းအသင်း၊ မန္တလေးတိုင်းအသင်း၊ မွန်ပြည်နယ်အသင်း၊ ရခိုင်ပြည်နယ်အသင်း၊ ရန်ကုန်တိုင်းအသင်း၊ ရှမ်းပြည်နယ်(အရှေ့ ပိုင်း)အသင်း၊ ရှမ်းပြည် နယ်(တောင်ပိုင်း)အသင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)အသင်း၊မန္တလေးရွှေမန်းတောင် ကလပ်အသင်းနှင့် ကောင်းမြတ် ဂေါက် အသင်း စုစုပေါင်း ၂၆ သင်းတို့ ပါဝင် ယှဉ်ပြိုင်ခဲ့ကြသည်။

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် နေပြည်တော် မဟာသကြိန် Tour Gold Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် နေပြည်တော်ရှိ ရေပြာ ဂေါက်ကွင်း၌ တစ်ဦးချင်း အသားတင်ရိုက်ချက် ၆၉ချက်ဖြင့် ဒုတိယရရှိသော ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းမှ သူရကျော်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဆုများပေးအပ်ချီးမြှင့်

ထို့နောက် နေပြည်တော် မဟာ သကြိန် Tour Gold Cup ဂေါက်သီး ရိုက်ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။

ပထမဦးစွာ မြို့တော်ဂေါက်ကွင်း၌ ကျင်းပခဲ့သော ပြိုင်ပွဲများတွင် တစ်ဦးချင်း ဆုရရှိသော ဂေါက်သီးရိုက်အားကစား သမားများနှင့် အသင်းလိုက်ဆု ရရှိသော ဂေါက်သီးရိုက်အသင်းများအား ဆုများ ပေးအပ်ချီးမြှင့်ရာ ပါအများဆုံးဆုရရှိသော မန္တလေးတိုင်းအသင်းမှမျိုးဝင်းအောင်၊ ဘာဒီ အများဆုံးဆုရရှိသော ပြည်ထဲရေး(က) အသင်းမှ ဇော်ဇော်လတ်၊ အဝေးဆုံးရိုက် ချက်ဆုရရှိသော မွန်ပြည်နယ်အသင်းမှ ဇော်နိုင်၊ အနီးဆုံးရိုက်ချက်ဆု ရရှိသော မွန်ပြည်နယ်အသင်းမှ ဇော်ဝင်း၊ လိုင်းနှင့် အနီးဆုံးဆုရရှိသော ရွှေမန်းတောင် ကလပ် အသင်းမှ ကျော်ကျော်၊ အသားတင် ရိုက် ချက် ၇၄ချက်ဖြင့် ပဉ္စမရရှိသော ရေတပ် ကလပ် အသင်းမှ သန်းဇော်၊ အသားတင် ရိုက်ချက် ၇၂ချက်ဖြင့် စတုတ္ထရရှိသော မန္တလေးတိုင်းအသင်းမှ မျိုးဝင်းအောင်၊ အသားတင်ရိုက်ချက်၇၂ချက်ဖြင့် တတိယ ရရှိသော ရေတပ်ကလပ်အသင်းမှ ရန်မျိုး အေး၊ အသားတင်ရိုက်ချက် ၇၁ချက်ဖြင့် ဒုတိယရရှိသော ရန်ကုန်တိုင်းအသင်းမှ မြင့်ရွှေ၊ အသားတင်ရိုက်ချက် ၆၉ချက် ဖြင့် ပထမရရှိသော ပြည်ထဲရေး(က) အသင်းမှ ဇော်ဇော်လတ်၊ အသင်းလိုက် ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၃၀၄ချက်ဖြင့် ဒုတိယ ရရှိသော မန္တလေးတိုင်းအသင်းနှင့် စုစုပေါင်း ရိုက်ချက်၃၀၁ချက်ဖြင့်ပထမရရှိသောရေတပ် ကလပ်အသင်းတို့အား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး နှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော် မြို့တော်ဝန် ဗိုလ်မှူးကြီး သိန်းညွန့်က ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ရေပြာဂေါက်ကွင်းတွင် ကျင်းပခဲ့သော ပြိုင်ပွဲများတွင် တစ်ဦးချင်း နှင့် အသင်းလိုက်ဆုများကို ပေးအပ် ချီးမြှင့်ရာ တစ်ဦးချင်းဂေါက်သီးရိုက်ပြိုင်ပွဲ တွင် ပါအများဆုံးဆု ရရှိသော ကချင်ပြည် နယ်မှ အောင်ထူး၊ ဘာဒီအများဆုံးဆု ရရှိသော လေတပ်ကလပ်အသင်းမှ လှမျိုး၊ အဝေးဆုံးရိုက်ချက်ဆုရရှိသော ကချင်ပြည် ချီးမြှင့်ရာ တစ်ဦးချင်း ဂေါက်သီးရိုက်ပြိုင်ပွဲ တွင် ပါအများဆုံးဆု ရရှိသောလေတပ် ကလပ်အသင်းမှ ဘိုဘို၊ ဘာဒီ အများဆုံး ဆုရရှိသော လေတပ်ကလပ် အသင်းမှ လှမျိုး၊ အဝေးဆုံးရိုက်ချက်ဆုရရှိသော ရွှေမန်းတောင် ကလပ်အသင်း မှ မြတ်မင်း ထွန်း၊ အနီးဆုံးရိုက်ချက်ဆုရရှိသော မန္တလေး တိုင်းအသင်းမှ မျိုးဝင်းအောင်၊ လိုင်းနှင့် အနီးဆုံးဆုရရှိသောရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းမှ အိုက်စီ၊ အသားတင် ရိုက်ချက် ၇၃ချက်ဖြင့် ပဉ္စမရရှိသော သစ်တော ရေးရာအသင်းမှ ခင်မောင်မြင့်၊ အသားတင် ရိုက်ချက်၇၃ချက်ဖြင့် စတုတ္ထရရှိသော ပြည်ထဲရေး(က)အသင်းမှ ဇော်ဇော်လတ်၊ အသားတင်ရိုက်ချက် ၇၃ချက်ဖြင့် တတိယ ရရှိသော မန္တလေးတိုင်းအသင်းမှ မင်းနိုင်၊ အသားတင်ရိုက်ချက်၇၁ချက်ဖြင့် ဒုတိယ ရရှိသော ရေတပ်ကလပ်အသင်းမှ ရန်မျိုး အေး၊ အသားတင်ရိုက်ချက် ၇၁ချက်ဖြင့် ပထမရရှိသော လေတပ်ကလပ် အသင်းမှ လှမျိုး၊ အသင်းလိုက်ပြိုင်ပွဲတွင် စုစုပေါင်း ရိုက်ချက်၂၉၇ချက်ဖြင့် ဒုတိယ ရရှိသော မန္တလေးတိုင်းအသင်းနှင့် စုစုပေါင်းရိုက် ချက် ၂၉၇ချက်ဖြင့် ပထမရရှိသော ရေတပ် ကလပ်အသင်းတို့အား တွဲဖက်စစ်ထောက် ချုပ် ဗိုလ်ချုပ်ခင်မောင်ထွန်းက ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်း

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး နေပြည်တော် မဟာသကြိန် Tour Gold Cup ဂေါက်သီးရိုက် ပြိုင်ပွဲတွင် အကောင်းဆုံး အသင်းဆုရရှိသော သစ်တောရေးရာအသင်းအား နေပြည်တော် မဟာသကြိန် Tour Gold Cup ဆုဖလားကြီးကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော်မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့် နေပြည်တော်မဟာသကြိန် Tour Gold Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် နေပြည်တော်ရှိ မြို့တော်ဂေါက်ကွင်း၌ တစ်ဦးချင်း အသားတင်ရိုက်ချက် ၇၁ချက်ဖြင့် ဒုတိယရရှိသော ရန်ကုန်တိုင်းအသင်းမှ မြင့်ရွှေအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

နယ်မှ နေမင်း၊ အနီးဆုံးရိုက်ချက်ဆုရရှိသော လေတပ်ကလပ်အသင်းမှ ဘိုဘို၊ လိုင်းနှင့် အနီးဆုံး ဆုရရှိသော တပ်မတော်(ကြည်း) အသင်းမှ ဗိုလ်ချုပ်သန်းဌေး၊ အသားတင် ရိုက်ချက်၇၀ဖြင့် ပဉ္စမရရှိသော ပြည်ထဲ ရေး (က)အသင်းမှ စိုးကျော်နိုင်၊ အသားတင် ရိုက်ချက်၆၉ချက်ဖြင့် စတုတ္ထရရှိသော မန္တလေးတိုင်းအသင်းမှ မင်းနိုင်၊ အသားတင် ရိုက်ချက် ၆၉ချက်ဖြင့် တတိယရရှိသော လေတပ်ကလပ်အသင်းမှ လှမျိုး၊အသားတင် ရိုက်ချက် ၆၉ချက်ဖြင့် ဒုတိယရရှိသော ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းမှ သူရကျော်၊ အသားတင်ရိုက်ချက် ၆၈ ချက်ဖြင့် ပထမရရှိသော သစ်တောရေးရာ အသင်းမှ မျိုးမင်းအောင်၊ အသင်းလိုက် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် စုစုပေါင်းရိုက် ချက် ၂၉၅ချက်ဖြင့် ဒုတိယရရှိသော ကောင်းမြတ်ဂေါက်အသင်းနှင့် စုစုပေါင်း ရိုက်ချက်၂၈၈ချက်ဖြင့် ပထမရရှိသော သစ်တောရေးရာအသင်းတို့အား နေပြည် တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဝေလွင်က ဆုများကိုပေးအပ်ချီးမြှင့်သည်။

ထို့နောက် နေပြည်တော်ဂေါက်ကွင်း၌ ကျင်းပခဲ့သော ပြိုင်ပွဲများတွင် တစ်ဦးချင်း နှင့် အသင်းလိုက်ဆုများကို ဆက်လက်

ရေးမှူး(၁) စစ်ထောက်ချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး က မြို့တော်ဂေါက်ကွင်း၊ ရေပြာဂေါက် ကွင်းနှင့် နေပြည်တော်ဂေါက်ကွင်းတို့၌ ကျင်းပခဲ့သော ပြိုင်ပွဲများတွင် သုံးရက် ပေါင်းရိုက်ချက် တစ်ဦးချင်းဆုရရှိကြသည့် စုစုပေါင်းရိုက်ချက် ၂၁၇ချက်ဖြင့် ဒုတိယ ရရှိသော လေတပ်ကလပ်အသင်းမှ လှမျိုး၊ စုစုပေါင်းရိုက်ချက် ၂၁၃ချက်ဖြင့် ပထမ ရရှိသောပြည်ထဲရေး(က)အသင်းမှ ဇော်ဇော် လတ်၊ အသင်းလိုက်အနေဖြင့် စုစုပေါင်း ရိုက်ချက် ၈၉၈ချက်ဖြင့် ဒုတိယ ရရှိသော မန္တလေးတိုင်းအသင်း၊ စုစုပေါင်း ရိုက်ချက် ၈၉၄ချက်ဖြင့်ပထမရရှိသောသစ်တောရေးရာ အသင်းတို့အား ဆုများပေး အပ်ချီးမြှင့်သည်။

ယင်းနောက် အတွင်းရေးမှူး(၁) စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက နေပြည် တော် မဟာသကြိန် Tour Gold Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အကောင်းဆုံး အသင်းဆုရရှိသော သစ်တောရေးရာအသင်း အား နေပြည်တော် မဟာသကြိန် Tour Gold Cup ဆုဖလားကြီးကို ပေးအပ် ချီးမြှင့်ပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာ့နှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပပြီးစီး

နှစ်စဉ်ဖြစ်ရပ်များအပေါ် သင်ခန်းစာယူပြီး စည်းကမ်းစနစ်တကျ လိုက်နာထိန်းသိမ်းခဲ့ကြသဖြင့် မှုခင်းဖြစ်ပွားမှု၊ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိမှုအရေအတွက် သိသိသာသာလျော့နည်းကျဆင်းခဲ့

နေပြည်တော် ဧပြီ ၂၀

ယခုနှစ် မြန်မာ့နှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်ကို ဧပြီ ၁၂ရက် မှ ၁၆ရက်အထိ အမျိုးသားရေး စရိုက်လက္ခဏာပြည့်ဝစွာ၊ ယဉ်ကျေးမှုအစဉ်အလာမပျက် နိုင်ငံတစ်ဝန်းလုံး၌ စည် ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

စည်းရုံးကြပ်မတ်

သင်္ကြန်ကာလအတွင်း မလိုလားအပ်သော ဖြစ်စဉ်ဖြစ်ရပ်များ မဖြစ်ပေါ်စေရေးအတွက် ရုပ်မြင်သံကြားနှင့် သတင်းစာတို့မှတစ်ဆင့် သက်ဆိုင်ရာက ကြိုတင်သတိပေး နှိုးဆော်ချက်များကို သင်္ကြန်ရက်မတိုင်မီကပင် ထုတ်ပြန်၍ ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ခဲ့သည့်အပြင် သင်္ကြန်ပွဲတော်ကာလအတွင်း တာဝန်ရှိသူအသီးသီးတို့က စည်းကမ်းစနစ်တကျရှိစေရေး စည်းရုံးကြပ်မတ်ကွပ်ကဲ ဆောင်ရွက်ခဲ့ကြသည်။

အပျော်လွန်ကဲ

နိုင်ငံတစ်ဝန်းလုံးရှိ တိုင်းရင်းသားပြည်သူများကလည်း မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ရိုးရာဓလေ့နှင့်အညီ ယဉ်ကျေးသိမ်မွေ့စွာ၊ စည်းကမ်းတကျပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြသည်။ သို့သော် အပျော်အပါးလွန်ကဲပြီး စည်းကမ်းလိုက်နာမှု အားနည်းသူအချို့ကြောင့် ယခုနှစ်သင်္ကြန်ကာလအတွင်း ယာဉ်မတော်တဆမှု သုံးမှု၊ ခိုက်ရန်ဖြစ်ပွားမှု ၂၄မှု စုစုပေါင်း ၂၇မှု ဖြစ်ပွားခဲ့ပြီး လူနှစ်ဦးသေဆုံးကာ ၃၂ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ သေဆုံးထိခိုက်ဒဏ်ရာရရှိသူများမှာ ယာဉ်မတော်တဆမှုကြောင့် သေဆုံးသူနှစ်ဦး၊ ဒဏ်ရာရရှိသူတစ်ဦး၊ ခိုက်ရန်ဖြစ်ပွားမှုကြောင့် ဒဏ်ရာရရှိသူ ၃၁ဦးတို့ဖြစ်ကြောင်း သိရှိရသည်။

သိသိသာသာလျော့နည်း

သင်္ကြန်ပွဲတော်ကာလများအတွင်း သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိမှုမှာ တစ်နှစ်ထက်တစ်နှစ် သိသိသာသာ လျော့နည်းကျဆင်းသွားကြောင်း၊ မှုခင်းဖြစ်ပွားမှုလည်း ကျဆင်းသွားကြောင်း၊ ၂၀၀၇ခုနှစ် သင်္ကြန်ကာလတွင် သေဆုံးသူခြောက်ဦးနှင့် ဒဏ်ရာရရှိသူ ၇၁ဦးရှိကာ အမှုပေါင်း ၄၁မှု ဖြစ်ပွားခဲ့သဖြင့် ယခုနှစ်နှင့်နှိုင်းယှဉ်ပါက သေဆုံးသူ လေးဦး၊ ဒဏ်ရာရရှိသူ ၃၉ ဦးနှင့် အမှုပေါင်း ၁၄ မှု လျော့နည်းသွားခဲ့ကြောင်း၊ ထိုကဲ့သို့ သိသိသာသာ လျော့နည်းကျဆင်းလာရခြင်းမှာလည်း ပြည်နယ်နှင့်တိုင်း အသီးသီးရှိ ပြည်သူလူထုအနေဖြင့် နှစ်စဉ်ဖြစ်ရပ်များအပေါ် သင်ခန်းစာယူပြီး လိုက်နာရန်စည်းကမ်းများ၊ သတိပေးနှိုးဆော်ချက်များ၊ ရှောင်ကြဉ်ထိန်းသိမ်းရန်အချက်များကို အထူးအလေးထားလိုက်နာခဲ့ကြကာ မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းနှင့်အညီ ယဉ်ကျေးသိမ်မွေ့စွာ မြန်မာ့ရိုးရာသင်္ကြန်ကို စည်းကမ်းတကျ ဆင်နွှဲခဲ့ကြ၍ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရေကုန်ရေခန်း ထိုးသတ်ကြမည့် ပွဲကြီးပွဲကောင်း လုံးချောနှင့် ဝင်းထွန်းတို့၏ မျှော်စင်ကျွန်းမှ စိန်ခေါ်သံ(၈)

ရန်ကုန် ဧပြီ ၂၀

မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ T & T Group မှ တာဝန်ယူကျင်းပသည့် မျှော်စင်ကျွန်းမှ စိန်ခေါ်သံ(၈) မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲကို ဧပြီ ၂၅ရက် (သောကြာနေ့) ညနေ ၆နာရီခွဲတွင် မျှော်စင်ကျွန်း ကရဝိက်ဥယျာဉ်ကမ္ဘာတွင် အနိုင်အရှုံးနှင့် မကျေပွဲများ ကျင်းပသွားမည်ဖြစ်သည်။

အပြိုင်အဆိုင်

အဆိုပါပြိုင်ပွဲတွင် လက်ရှိမြန်မာ့ရိုးရာ လက်ဝှေ့ချန်ပီယံဟု တင်စားနေသည့် လုံးချော(ညောင်တုန်း)နှင့် တစ်ပွဲထက်တစ်ပွဲ လက်ရည်မြင့်မားတိုးတက်လာသည့် ဝင်းထွန်း(လယ်/ဆည်)တို့ သူနိုင်ကိုယ်နိုင် အပြိုင်အဆိုင် ယှဉ်ပြိုင်သွားမည်ဖြစ်ရာ ပွဲမှာအထူးကြည့်ကောင်းသော ပွဲတစ်ပွဲဖြစ်လာနိုင်သည်။

သတင်းမှတ်စု - သိန်းဝင်းလေး (မြန်မာ့အလင်း)

ဒူးတိုက်

လုံးချောသည် ယခင်ပွဲများက အသတ်အပုတ် ဒူးတံတောင်ပြင်းထန်လှပြီး သူ၏မထင်မှတ်သော တွဲလက်သီးများက တစ်ဖက်ပြိုင်ဘက်ကို တုန်လှုပ်သွားစေပြီး မထင်မှတ်ဘဲအားပါသော ပွဲသိမ်းဒူးတိုက်ချက်ကလည်း ပြိုင်ဘက်ကို ယိမ်းယိုင်ချည့်နဲ့စေသည်။

ထိုးအားကောင်း

လက်ရှိ မြန်မာပြည်ချန်ပီယံဖြစ်သည့် လုံးချောနှင့် ယှဉ်ပြိုင်မည့် ဝင်းထွန်းကလည်း လက်သီးထိုးအားကောင်းလာကာ လက်ရည်တက်ပြီး လေ့ကျင့်မှု အားကောင်းသောကြောင့် သူ၏ပြင်းထန်လှသည့် လက်သီးချက်များအပြင် ခြေကန်အားမှာလည်း ကန်ချက်ညက်ညောပြီး တစ်ဖက်လူကို ပွဲသိမ်းသွားစေနိုင်သည့်အတွက် ဝင်းထွန်းအား လျှော့တွက်၍ မရသည့် အနေအထားရှိသည်။

ရင်သပ်ရှုမော

သူတို့နှစ်ဦးအပြင် ယနေ့လက်ဝှေ့ လောကတွင် နာမည်ကြီးလာသူ KLN ကလပ်မှ စောဂပရေမှူးနှင့် ရန်ကုန်မြို့တော်စည်ပင်မှ အာကာဟိန်း၊ အသည်းမာပြီး ဖွဲ့ကြီးသူ ဖွဲ့သတ္တိ(သူရဲကောင်းကလပ်)နှင့် ပြိုင်ဘက်ကို ရေကုန်ရေခန်းပညာသားပါပါဖြင့် ယှဉ်ပြိုင်ထိုးသတ်သွားနိုင်သည့် မိုးသီး(မြန်မာပြည်သားကလပ်)အပါအဝင် ကလပ်ပေါင်းစုံမှ နာမည်ကြီးလက်ဝှေ့ကျော်များ ပါဝင်သည့် စိန်ခေါ်ပွဲ ၁၀ ပွဲကို ပရိသတ်များ ရင်သပ်ရှုမောဖွယ် ကြည့်ရှုရမည်ဖြစ်သည်။

သတင်းကောင်းပါး

မြန်မာ့ရိုးရာလက်ဝှေ့ဝါသနာရှင်များအနေဖြင့် ပွဲကြီးပွဲကောင်း မကြည့်လိုက်ရ မရှိစေရန် ကြိုတင်လက်မှတ်များကို T&T Group အမှတ် ၂၀၃ အခန်း(၁၄) သုံးလွှာ ၃၆လမ်း ကျောက်တံတားမြို့နယ် ဖုန်း-၀၉-၅၀၀၄၇၃၈ သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၄-၂၀၀၈
(တနင်္လာနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	ထေရဝါဒဗွမ်းဆောင်ရှင် တရားတော် (မင်းကွန်းဓမ္မစေတီ ဆရာတော် အရှင်နာဂိန္ဒာ လင်္ကာရ)
၇း၅၅-၁း၅၅	Soccer Update
၈း၀၀-၂း၀၀	ချင်းတောင်တန်းမှသည် ရတနာလင်္ကာရသာသနာပြု ကျောင်းတိုက်သို့
၈း၃၅-၂း၃၅	MRTV-4 စာအုပ်စင်ကဏ္ဍ (ဆရာမျိုးမင်းထူးနှင့် တွေ့ဆုံခြင်း)
၈း၅၅-၂း၅၅	တေးဂီတအစီအစဉ်
၉း၀၀-၃း၀၀	စိတ်အားထက်သန် ဆန္ဒအမှန်
၉း၂၀-၃း၂၀	ပြည်တွင်းသတင်းအကျဉ်း
၉း၃၀-၃း၃၀	တေးဂီတအစီအစဉ်
၉း၃၅-၃း၃၅	စိုက်ပျိုးဝေဆာတို့မြေမှာ မင်သော်(ပရုတ်အေး) စိုက်ပျိုးနည်း
၉း၄၅-၃း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၀-၃း၅၀	ကရာတေးဒိုအားကစား
၁၀း၀၀-၄း၀၀	တေးဂီတအစီအစဉ်
၁၀း၀၅-၄း၀၅	ရွှေဖြူ၏အလေအလွင့်များမှသည် စက်မှုစွမ်းအားဖြင့် ခရမ့်ရော်ဘာဆီသို့
၁၀း၂၀-၄း၂၀	မိုးလေဝသခန့်မှန်းချက်
၁၀း၃၀-၄း၃၀	သပြေကုန်းမှ ရွှေအပြုံးများ
၁၁း၀၀-၅း၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၅-၅း၁၅	တိုးပွားဆောင်ရွက် နိုင်ငံ့လက် ဖေးကူ မွေးမြူတို့အတူ (ဝက်မွေးမြူရေး)
၁၁း၃၀-၅း၃၀	တေးဂီတအစီအစဉ်
၁၁း၃၅-၅း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၅-၅း၄၅	နိုင်ငံရပ်ခြားအတွေ့အကြုံနှင့် စွဲမက်ဖွယ်ရာ အရသာ (စပိန်စတိုင်လ်)
၁၂း၀၀-၆း၀၀	တေးဂီတအစီအစဉ်
၁၂း၀၅-၆း၀၅	ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ မေမြတ်ဝါဆိုနှင့် တွေ့ဆုံခြင်း)
၁၂း၂၅-၆း၂၅	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ(ဟော့ရှော့)
၁၂း၅၅-၆း၅၅	တေးဂီတအစီအစဉ်
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူ ကြည့်ရှုနိုင်ပါသည်။

ခေတ်သစ်လူ့ဘောင် ဒို့တည်ထောင် အမောင် အမိ-မီးသတ်။

ပရီမီယာလိဂ်၌ မန်ယူဆက်လက်ဦးဆောင်ဆဲ လာမည့်ပွဲစဉ်၌ ချယ်လ်ဆီးနှင့်ကစားမည်

လန်ဒန် ဧပြီ ၂၀

ပရီမီယာလိဂ်ပွဲစဉ်(၃၅) ဘောလုံးပြိုင်ပွဲများကို ဧပြီ ၁၉ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူက ဘလက်ဘန်းကို တီဗက်ဇ်၏ နောက်ကျချေပဂိုးဖြင့် တစ်ဖက်တစ်ဂိုးစီ သရေကစားပြီး အမှတ်ပေးဇယား၌ ရမှတ်သုံးမှတ် အသာရကာ ဆက်လက်ဦးဆောင်လျက်ရှိသည်။

ဦးဆောင်ဂိုးသွင်းယူ

ဘလက်ဘန်းတို့ အိမ်ကွင်း၌ ပွဲစလျှင်စချင်း မာမာတင်းတင်း ထိုးဖောက်ကစားခဲ့ရာ ပွဲစပြီး ၂၁ မိနစ်အကြာ၌ ဆန်တာခရုဇ်က ဘလက်ဘန်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

မန်ယူအတွက် ချေပဂိုး သွင်းယူပြီးနောက် အောင်ပွဲခံနေသော တိုက်စစ်မှူး တီဗက်ဇ်။ (အင်တာနက်ဓာတ်ပုံ)

မန်ယူတို့ ချေပဂိုးရရှိရေး အကြိတ်အနယ်ကြိုးစားသော်လည်း ပထမပိုင်းပြီးသည်အထိ ချေပနိုင်ခြင်း မရှိခဲ့ပေ။ သို့သော်လည်း ပွဲပြီးရန် နှစ်မိနစ်အလိုတွင် တိုက်စစ်မှူး တီဗက်ဇ်က ခေါင်းတိုက်ချေပဂိုး သွင်းယူလိုက်နိုင်၍ လာမည့်ပွဲစဉ်(၃၆)၌ ချယ်လ်ဆီးအသင်းကို ရမှတ်သုံးမှတ်အသာဖြင့် စတန်းဖို့ဒ်ကွင်းသို့ သွားရောက်ကစားမည်ဖြစ်သည်။

ရပ်တည်

ထိုနေ့က အခြားပွဲများတွင် အာဆင်နယ်က အိမ်ကွင်း၌ ရက်ဒင်းအသင်းကို နှစ်ဂိုးပြတ် အနိုင်ရလိုက်၍ အမှတ်ပေးဇယား တတိယနေရာတွင် ရမှတ် ၇၄မှတ်ဖြင့် ရပ်တည်လျက်ရှိသည်။

ပရီမီယာလိဂ်ဖလား ပွဲစဉ်များပြီးရန် သုံးပွဲသာ ကစားရန်ကျန်ရှိတော့သည်။ တန်းဆင်းဇုန်နေရာ လွတ်မြောက်ရေးအတွက် ဘာမင်ဂမ်နှင့် ဖူဟမ်တို့သည် တန်းဆင်းဇုန်အတွင်းမှ လွတ်မြောက်ရန် ဆက်လက်ရုန်းကန်ကြိုးစားနေရသည်။

ဧပြီ၂၀ရက် ပွဲစဉ်ရလဒ်

အက်စ်တွန်ဗီလာ	၅-၁	ဘာမင်ဂမ်
နယူးကာဆယ်	၂-၀	ဆန်းဒါးလန်း
မန်စီးတီး	၃-၁	ပို့စ်မောက်

(အင်တာနက်)

လိုက်ဟဲဗီးဝိတ်တန်း ဂျိုးကယ်ဇာချီ အမှတ်ဖြင့် အနိုင်ရ

လပ်စ်ဗီးဂတ်စ် ဧပြီ ၂၀

ဗြိတိသျှလက်ဝှေ့သမား ဂျိုးကယ်ဇာချီနှင့် အမေရိကန်လက်ဝှေ့သမား ဘားနတ်ဟုတ်ကင်းတို့သည် ဧပြီ ၂၀ရက်က အမေရိကန်နိုင်ငံ လပ်စ်ဗီးဂတ်စ်မြို့၌ လိုက်ဟဲဗီးဝိတ်တန်းအဖြစ် ၁၀ချီ ထိုးသတ်ခဲ့ကြသည်။

အားသွင်းထိုးသတ်

အဖွင့်ပွဲအချီတွင် ကယ်ဇာချီသည် ဟုတ်ကင်း၏ ညာလက်သီးကြောင့် ကြမ်းပြင်သို့ လဲကျသွားခဲ့သည်။ အသက် ၃၆နှစ်ရှိ ဝေလနယ်သား ကယ်ဇာချီသည် ကြမ်းပြင်မှ ပြန်ထလာပြီး ပြန်လည် အားသွင်းထိုးသတ်ခဲ့သည်။

ဟုတ်ကင်း(ဝဲ)အား ကယ်ဇာချီက ဤသို့ ညာလက်သီးတစ်လုံး ပစ်သွင်းခဲ့သော်လည်း....။ (အင်တာနက်ဓာတ်ပုံ)

အမှတ်ဖြင့် အနိုင်ပေး

နောက်ပိုင်းအချီများတွင် ကယ်ဇာချီ အသာရလာပြီး ဟုတ်ကင်းမနည်းကာကွယ်ထိုးသတ်ခဲ့ရသည်။ ပွဲအပြီးတွင် ဒိုင်လူကြီးများက ကယ်ဇာချီအား အမှတ်ဖြင့် အနိုင်ပေးခဲ့သည်။

ထိုးသတ်

ကယ်ဇာချီသည် ယင်းပွဲတွင် အနိုင်ရလိုက်၍ ၄၅ပွဲမြောက် ရှုံးပွဲမရှိ ထိုးသတ်နိုင်ခဲ့သည်။ အသက် ၄၃နှစ်ရှိပြီဖြစ်သော ဟုတ်ကင်းသည် ယင်းပွဲတွင် ရှုံးနိမ့်သွား၍ ၄၈ပွဲမြောက် အနိုင်ပွဲကို ဆင်နွှဲနိုင်ခဲ့ခြင်း မရှိခဲ့ပေ။ အခက်ခဲဆုံးသော ပြိုင်ပွဲတစ်ရပ်ကို အနိုင်ရလိုက်ခြင်းပင်ဖြစ်ကြောင်း ကယ်ဇာချီက ပွဲအပြီး၌ ပြောကြားသည်။

(အင်တာနက်)

မြင့်မောင်စိုး စုစည်းသည်

စဉ့်ကူးမြို့ ဇေယျသိဒ္ဓိအောင်တော်မူစေတီ ရွှေထီးတော် တင်လှူပူဇော်

စဉ့်ကူး ဧပြီ ၁၂

စဉ့်ကူးမြို့အမှတ်(၁)ရပ်ကွက်နေ ဘုရားဒါယကာ ဦးဗိုလ်ချုပ်-ဘုရားဒါယိကာမ ဒေါ်ချောစုလှိုင်၊ သား မောင်ကျော်စည်သူဗိုလ်၊ မောင်ဟိန်းစည်သူဗိုလ်၊ သမီးမယွန်းဇကရီဗိုလ်မိသားစု တည်ထားဆောက်လုပ်လှူဒါန်းသော ဇေယျသိဒ္ဓိအောင်တော်မူစေတီတော် ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားကို မတ် ၃၀ရက် နံနက် ၇နာရီက အဆိုပါဘုရားရင်ပြင်တော်၌ ကျင်းပသည်။ (အပေါ်ပုံ)

ရှေးဦးစွာ နမောတဿ သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး မတ္တရာမြို့သာသနာ့ဇောတိကာရုံ ပရိယတ္တိစာသင်တိုက် ပဓာနနာယက မဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ နိုင်ငံတော် သံဃာ့ဝန်ဆောင် ဆရာတော် ဘဒ္ဒန္တ ဝိသုဒ္ဓါစာရာဘိဝံသ အရှင်မြတ်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး အနုမောဒနာ တရားများ နာယူကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် ဘုရားဒါယကာ ဦးဗိုလ်ချုပ်-ဘုရားဒါယိကာမ ဒေါ်ချောစုလှိုင်တို့က စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို ဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆရာတော်သံဃာတော်များက မေတ္တသုတ် ပရိတ်တရားတော်များ ရွတ်ဖတ်ချီးမြှင့်တော်မူကြပြီး အလှူရှင်မိသားစုတို့က သံဃာတော်များအား ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

တင်လှူပူဇော်

ဆက်လက်၍ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးဝင်းဇော်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုင်းမောင်လှ၊ ဘုရားဒါယကာ ဦးဗိုလ်ချုပ်-ဒေါ်ချောစုလှိုင်တို့က စိန်ဖူးတော်နှင့် ရွှေထီးတော် ဘုံအဆင့်ဆင့်တို့ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြပြီး စေတီတော်ကြီးအထွတ်သို့ နတ်မြင်းရထားပုံဖြင့် တင်လှူပူဇော်ကြကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

နောင်ချိုမြို့ တမာလမ်း ကျောက်ချောခင်း

နောင်ချို ဧပြီ ၁၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာနချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့်သည် နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် တမာလမ်း ကျောက်ချောခင်းခြင်း အခြေအနေကို ကွင်းဆင်းကြည့်ရှု စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင်၊ တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ဗိုလ်ဗိုလ်တို့က ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် ဦးကျော်ရေထွက်ရှိ ရေစုကန်သို့ရောက်ရှိပြီး ရေထွက်ပတ်ဝန်းကျင်နှင့် ရေကန်များ သန့်ရှင်းရေး ဆောင်ရွက်ထားရှိမှုများကို စစ်ဆေး၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ (မြို့နယ်ပြန်/ဆက်)

မြို့နယ် သတင်းများ

မတ်၂၉ရက်က မုံရွာမြို့ ဘုရားကြီးရပ် ပွဲစားတန်းနေ ဦးစိန်လှိုင်-ဒေါ်ကြည်က မုံရွာ ဘိုးဘွားရိပ်သာ ဥက္ကဋ္ဌ ဦးသန်းညွှန့်ထံသို့ မုံရွာ ဘိုးဘွားရိပ်သာတွင် အသုံးပြုရန် အလှူငွေကျပ်ငါးသိန်းကို ငွေပဒေသာပင်အဖြစ် စိုက်ထူလှူဒါန်းစဉ်။ (က-ပ)

မြင်းခြံမြို့နယ် မဂ္ဂဇင်းထုတ်ဝေမည်

ရန်ကုန် ဧပြီ ၂၀

မြင်းခြံမြို့နယ်အသင်း(ရန်ကုန်)မှ ကြီးမှူး၍ မြင်းခြံမြို့နယ် မဂ္ဂဇင်းထုတ်ဝေမည်ဖြစ်ပါ၍ ဝတ္ထု၊ စာညွှန့်၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်းများကို၊ မဂ္ဂဇင်းကော်မတီတည်ရှိရာ အမှတ် ၁၅၀ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့ ယခုနှစ် ဇူလိုင် ၃၁ရက် နောက်ဆုံးထား၍ ပေးပို့ကြရန် တိုက်တွန်းနှိုးဆော်ထားသည်။

ဆက်သွယ်စုံစမ်း

စာမူရှင်များအနေဖြင့် မိမိတို့၏ နေရပ်လိပ်စာအပြည့်အစုံ၊ ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်းနှင့် တစ်ကြိမ်တစ်ခါမျှ ပုံနှိပ်ဖော်ပြခြင်း မခံရဖူးသေးသော စာမူဖြစ်ကြောင်း ဝန်ခံချက် ပါရှိရမည်ဖြစ်သည်။ ဆောင်းပါးများတွင် လိုအပ်သော အထောက်အထားဓာတ်ပုံများ ပါရှိရမည်ဖြစ်ပြီး ကြော်ငြာထည့်လိုသူများသည် မဂ္ဂဇင်းကော်မတီသို့ ဆက်သွယ်ထည့်သွင်းနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဒုတိယဗိုလ်မှူးကြီးကျော်ရင်(ငြိမ်း) ဖုန်း-၆၁၁၁၀၂၊ ဦးစိန်ဝင်း ဖုန်း-၅၇၀၄၉၂၊ ဦးမောင်မောင် ဖုန်း-၂၉၆၂၆၈၊ ဦးထိန်လင်း ဖုန်း-၆၉၉၅၀၉နှင့် ဦးကြည်မောင် ဖုန်း-၅၄၈၂၈၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

မီးဘေး ကြိုတင်လေ့ကျင့်

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မ ဈေးကြီးအတွင်း အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးနီထွန်းနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများဖြင့် မတ် ၁၈ ရက်က မီးဘေးကြိုတင်ကာကွယ်ရေးဓာတ်တိုက် လေ့ကျင့်ကြစဉ်။ (မြို့နယ်စည်ပင်)

စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေ မတ် ၁၈ ရက်က ဟုမ္မလင်းမြို့မဈေး မီးဘေးလုံခြုံရေးအတွက် မြို့မဈေးအတွင်း တပ်ဆင်ထားသော မီးသတ်ရေစက်နှင့် မီးဘေးကာကွယ်ရေး ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်အမှုဆောင်အရာရှိ ဦးအောင်ကျော်မျိုးနှင့် ဈေးခေါင်း ဦးသိန်းထွန်းအောင်တို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

မီးဘေးကာကွယ်ရေး ပုသိမ်၌ သရုပ်ပြ

ပုသိမ် ဧပြီ ၁၂

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မီးသတ်ဦးစီးဌာန(ရုံးချုပ်)တို့၏ ကွပ်ကဲမှုဖြင့် ဧရာဝတီတိုင်း ပုသိမ်မြို့တွင် မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် ရပ်ကွက်အလိုက် မီးဘေးကြိုတင်ကာကွယ်ရေး ဓာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိရာ မတ် ၂၉ ရက် နံနက် ၉နာရီက ပုသိမ်မြို့ အမှတ်၂ရပ်ကွက်ရှိ ထုံးဘိုစက်သုံးဆီ အရောင်းဆိုင်အမှတ် ၀၁၃၉ ၌ မီးဘေး ကြိုတင်ကာကွယ်ရေး ဓာတ်တိုက် လေ့ကျင့်ကြသည်။ **(အပေါ်ပုံ)**

တက်ရောက်

အခမ်းအနားသို့ ဧရာဝတီတိုင်း မီးသတ်ဦးစီးဌာနမှူး ဦးကြည်ဝင်း၊ ဧရာဝတီတိုင်း မြန်မာ့ရေနံရောင်းဝယ်ရေးလုပ်ငန်း ဒုတိယတိုင်းရောင်းဝယ်ရေးအရာရှိ ဦးထင်ကျော်၊ စက်သုံးဆီအရောင်းဆိုင်ကြီးကြပ်ရေးမှူး ဦးသန်းထွန်း၊ ဆိုင်မန်နေဂျာ ဦးဆန်းထွန်းနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး မီးသတ်ယာဉ်သုံးစီး၊ သန္ဓေ ၁၀ဦး၊ အရန်မီးသတ်သုံးဦးနှင့် ဆိုင်ဝန်ထမ်း ၁၀ ဦးတို့ဖြင့် ပြုလုပ်ခဲ့ကြသည်။ **(ခရိုင် ပြန်/ဆက်)**

လုံခန်-ဟိုနောင် ကျေးရွာချင်းဆက် မြေသားလမ်းဖွင့်

မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော လုံခန်-ဟိုနောင် ကျေးရွာချင်းဆက် မြေသားလမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ရက်က ကျင်းပစဉ်။ (က-ပ)

မင်းတုန်းမြို့၌ ကျောက်ချော လမ်းသစ်ဖွင့်

မင်းတုန်း ဧပြီ ၁၀

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မကွေးတိုင်း သရက်ခရိုင် မင်းတုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်ပြီးစီးသော မင်းတုန်းမြို့ အမှတ်(၂) ရပ်ကွက်လမ်းမတော်လမ်းမှ အမှတ်(၁)ရပ်ကွက်သို့ သွားသည့် ကျောက်ချောလမ်းသစ် ဖွင့်ပွဲကို မတ် ၂၆ရက် နံနက် ၇နာရီက အဆိုပါမုခ်ဦး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဒုတိယရဲမှူး ကျော်ဆန်းနှင့် မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးစောသိန်းဦးတို့က တက်ရောက်၍ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

21-4 (15).pmd 1 4/21/2008, 12:11 AM

ရွှေသွယ်ရင် နွေစပါးစိုက်ပျိုးနိုင်ရန် ဆောင်ရွက် မီးဖိုချောင်သုံး ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုး

မန္တလေး ဧပြီ ၁၈

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် ဧပြီ ၂၈ရက် နံနက် ၁၀နာရီက ပုသိမ်ကြီးမြို့နယ် ဝွေ့ကြီးကုန်း ကျေးရွာအနီး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန၏ ရွှေသွယ်ရင်နွေစပါးစိုက်ပျိုးနိုင်ရန်အတွက် ဆောင်ရွက်နေသောလုပ်ငန်းများ၊ ရေတံခွန်တောင်ဒေသရှိ ဘက်စုံစိုက်ပျိုးရေးနှင့် မွေးမြူရေး ခြံအမှတ်(၁)အတွင်း စိုက်ခင်းများသို့ ရေရရှိရေးအတွက် ဆောင်ရွက်နေသော လုပ်ငန်းများနှင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိသော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ရှေးဦးစွာ မြို့တော်ဝန်နှင့် အဖွဲ့သည် ပုသိမ်ကြီးမြို့နယ် ဝွေ့ကြီးကုန်းကျေးရွာအနီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန၏ ရွှေသွယ်ရင်နွေစပါးစိုက်ပျိုးနိုင်ရန်အတွက် ဆောင်ရွက်နေသော လုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာနဌာနမှူးနှင့်တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

စနစ်တကျစီမံ

ဆက်လက်၍ မြို့တော်ဝန်နှင့် အဖွဲ့သည် ရေတံခွန်တောင်ဒေသ ဘက်စုံစိုက်ပျိုးရေးနှင့် မွေးမြူရေးခြံ အမှတ်(၁)အတွင်း စိုက်ခင်းများသို့ ရေရရှိရေးအတွက် ရေစက်ရုံ အမှတ်(၁)ရှိ စက်ကြီးများ၏ကြံ့ခိုင်မှုနှင့် ရေပေးဝေနိုင်မှုအခြေအနေများ၊ စိုက်ခင်းများသို့ ရေရရှိရေးအတွက် ရေသွင်းမြောင်း၊ ရေထုတ်မြောင်းတူးဖော်ပြီးစီးမှု၊ ရေထိန်းတံခါး တပ်ဆင်မှုအခြေအနေနှင့် ရေလှောင်ကန်အတွင်း ရေသိုလှောင်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး မြို့တော်ဝန်က ဘက်စုံစိုက်ပျိုးရေးနှင့် မွေးမြူရေးခြံ အမှတ် (၁)အတွင်း ရေရရှိရေးအတွက် စနစ်တကျစီမံ ဆောင်ရွက်သွားရေးကို စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန ဌာနမှူးနှင့် တာဝန်ရှိသူများအား မှာကြားသည်။ **(အပေါ်ဝဲပုံ)**

ယင်းနောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ခြံအမှတ်(၁)အတွင်း ခြံစည်းရိုးကြက်ဆူ စိုက်ခင်းများ၊ ပီလောပီနံ စိုက်ခင်းများ၊ စပျစ်စိုက်ခင်းများ၊ ပျားလိမ္မော် စိုက်ခင်းများနှင့် ခရမ်းချဉ်သီး စိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ခြံတာဝန်ခံများအား လိုအပ်သည်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တိုးချဲ့ဆောင်ရွက်

ထို့နောက် မြို့တော်ဝန်နှင့် အဖွဲ့သည် ဘက်စုံစိုက်ပျိုးရေးနှင့်မွေးမြူရေး ခြံအမှတ် (၁)အတွင်း နွားမွေးမြူရေးခြံများ၊ ဝက်မွေးမြူရေးခြံများ၊ ကြက်မွေးမြူရေးခြံများ၊ ငါးမွေးမြူရေးကန်များ၊ ယုန်၊ ဘဲ၊ ငန်း၊ မန်ဒါလီ၊ ပူး၊ ရစ်နှင့် ချိုးဖြူများမွေးမြူထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မြို့တော်ဝန်က ဘက်စုံစိုက်ပျိုး မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်သွားရန်နှင့်မီးဖိုချောင်သုံး ဟင်းသီးဟင်းရွက်စိုက်ခင်းများပိုမိုတိုးချဲ့ စိုက်ပျိုးသွားရေးတို့ကို စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဌာနမှူးနှင့် ခြံတာဝန်ခံများအား မှာကြားခဲ့ကြောင်း သိရသည်။

(၃၀၃)

ဖဲကြိုးဖြတ်ဖွင့်

(၆၃)နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြုသောအားဖြင့် ဒီမောဆိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက် ပြီးစီးသော မြို့မ(၂) ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၃ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထွန်းလှအောင်နှင့် အမှုဆောင်အရာရှိ ဦးအေးဖဲတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ကျောက်ပန်းတောင်း အလင်းရောင်စာကြည့်တိုက် အဆောက်အအုံဖွင့်

ကျောက်ပန်းတောင်း ဧပြီ ၁၅

မန္တလေးတိုင်း မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စည်းရုံးဆောင်ရွက်မှုဖြင့် ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်များ ဖွင့်လှစ်၍ ခိုင်မာစာကြည့်တိုက်များ တည်ထောင်လျက်ရှိရာ မတ် ၂၄ရက် မွန်းလွဲ ၃နာရီက စိတ္တိန်းကျေးရွာအုပ်စု စိတ္တိန်းမြောက်ရွာ အလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို အဆိုပါ စာကြည့်တိုက် အဆောက်အအုံ၌ ကျင်းပသည်။

လက်ခံယူ

ရှေးဦးစွာ စိတ္တိန်းမြောက်ကျေးရွာ အလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ်ကို မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်အုန်းမြင့်၊ စာကြည့်တိုက် ကော်မတီနာယက ဦးသန်းနိုင်နှင့် ကျေးရွာအမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ချောကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စာအုပ်လှူဒါန်းပွဲနှင့် ဟောပြောပွဲကို စာကြည့်တိုက် အဆောက်အအုံခန်းမတွင် ဆက်လက်ကျင်းပရာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးနှင့် စာကြည့်တိုက်ကော်မတီနာယကတို့က စာကြည့်တိုက် ဖွင့်လှစ်ရခြင်းအကြောင်းကို ဟောပြောပြီး မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးက လှူဒါန်းသော သုတ၊ ရသစာအုပ် ၁၀၀ကို ကော်မတီနာယက ဦးသန်းနိုင်က လက်ခံယူသည်။

(မြို့နယ် ပြန်/ဆက်)

ပဲခူးတိုင်း(အနောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင် ဧပြီ ၁ရက်က မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ရေပေးရေးစက်ရုံများ စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းလွင်တို့က ရှင်းလင်းတင်ပြကြစဉ်။

(မြို့နယ်စည်ပင်)

စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး ပဲခူး၌ဆွေးနွေး

ပဲခူး ဧပြီ ၁၄

စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို မတ် ၅ရက် မွန်းလွဲ ၁နာရီက ပဲခူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး စာကြည့်တိုက်၌ ကျင်းပသည်။

လှူဒါန်း

စာကြည့်တိုက်ခိုင်မာရှင်သန်ရေးအတွက် ငွေပဒေသာပင်ရရှိမှုနှင့် လှူဒါန်းမှုအခြေအနေများကို ခရိုင်ဦးစီးအရာရှိ ဒေါ်လှလှက ရှင်းလင်းပြောကြားပြီး ကျေးရွာစာကြည့်တိုက်များသို့ လှူဒါန်းသည့် အခြေခံစာကြည့်တိုက်ပညာသင်တန်း မှတ်စုစာအုပ်များကို အလှူရှင်များက မြို့နယ်ဦးစီးမှူးများအား ပေးအပ်လှူဒါန်းသည်။ မွန်းလွဲပိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးချစ်မောင်နှင့်အဖွဲ့က ပဲခူးမြို့ ဥဿာသီရိ ၈ လမ်းရှိ စစ်ကောင်းစာကြည့်တိုက်နှင့် ဇဟိုရ်စည်ရပ်ကွက်ရှိ ဇဟိုစည် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကိုလည်းကောင်း၊ မတ် ၆ရက်တွင် သနပ်ပင်မြို့နယ် ခရမ်းကျေးရွာရှိ မြတ်လေးရုံ စာကြည့်တိုက်ကိုလည်းကောင်း၊ ပဲခူးမြို့နယ် စိုင်တီကျေးရွာရှိ ထူးချွန်စာကြည့်တိုက် **(ဝဲပုံ)**ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပြန်/ဆက်ဦးစီးဌာနအကြောင်း သိကောင်းစရာဆွေးနွေး စာကြည့်တိုက်တည်ထောင်နိုင်မှုနှင့် ပတ်သက်၍ ရှင်းလင်း

သာစည် ဧပြီ ၁၅

နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အကြောင်း သိကောင်းစရာများ ဆွေးနွေးဟောပြောပွဲကို မတ် ၂၇ရက် နံနက် ၉နာရီက သာစည်မြို့နယ် ကြာဘက်ကုန်းကျေးရွာ ဘဝတက္ကသိုလ်စာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်အေးက အမှာစကားပြောကြားပြီး ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူးဦးစိုးနိုင်က စာကြည့်တိုက် တည်ထောင်နိုင်ခဲ့မှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းတင့်က စာကြည့်တိုက်နှင့် ပတ်သက်၍ ဆွေးနွေးဟောပြောခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

မဇယနဉာဏ်သီလရှင်ကျောင်းတိုက် ရေစက်ချလှူဒါန်း

ဟိုပင် ဧပြီ ၁၃

ကချင်ပြည်နယ် ဟိုပင်မြို့ နန့်ရင်းကျေးရွာ ဇေယျာသုခရတနာ မဇယနဉာဏ်သီလရှင်ကျောင်းတိုက် လှူဒါန်းပွဲနှင့် ဗုဒ္ဓါဘိသေက မင်္ဂလာပွဲကို မတ် ၁၆ ရက် နံနက် ၇နာရီက အဆိုပါ သီလရှင်ကျောင်း၌ ကျင်းပသည်။

ချီးမြှင့်

အခမ်းအနားတွင် ဟိုပင်မြို့ ရတနာမာန်အောင်ကျောင်းတိုက် ဆရာတော် အမှူးပြုသော ပင့်သံဃာ ၂၂ပါးတို့က ဗုဒ္ဓါဘိသေကတင်ခြင်းနှင့် ပရိတ်တရားတော်များ ချီးမြှင့်ကြသည်။

ဆောက်လုပ်လှူဒါန်း

အဆိုပါ ဇေယျာသုခရတနာ မဇယနဉာဏ်သီလရှင်ကျောင်းတိုက်ကို နန့်ရင်းကျေးရွာနေ ကျောင်းဒါယကာ ခမည်းတော် ဦးစင်းကျော်၊ ကျောင်းဒါယိကာမ မယ်တော် ဒေါ်အုံးကြည်မိသားစုက ငွေကျပ်သိန်းတစ်ရာ့ငါးဆယ်ဖြင့် အကုန်အကျခံကာ ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

စစ်ကိုင်းတိုင်း မြောင်မြို့နယ် စည်ပင်သာယာဈေးနှင့် မြောက်ရပ်ကွက် လေးကျွန်းရန်အောင် ဘုရားဈေး မြေကွက်လပ်တို့တွင် မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုနှင့် မီးသတ်ဆေးဘူး သုံးစွဲနည်း လက်တွေ့သရုပ်ပြပွဲကို ဧပြီ ၁ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုဇော်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်ဝေတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

ကျိုင်းလပ်မြို့ သာယာလှပရေးအတွက် အမှတ်(၁)ရပ်ကွက် ဝမ်လုံရပ် မဲခေါင်လမ်းမကြီးဘေး ဝဲယာတစ်လျှောက် ရေစီးရေလာ ကောင်းမွန်ရေးအတွက် ပေါင်းမြက်များရှင်းလင်းခြင်းနှင့် လမ်းဘေးရေနုတ်မြောင်းတူးဖော်ခြင်းတို့ကို မတ် ၁၅ ရက်က အဖွဲ့ဝန်ထမ်းများဆောင်ရွက်ကြရာ တာဝန်ခံဦးအောင်ရွှေ ကြီးကြပ်စဉ်။

(နယ်စပ်/စည်ပင်)

မင်းကင်းမြို့ ကန်တော်ပရိယတ္တိစာသင်တိုက်သို့ ငွေလှူဒါန်း

မင်းကင်း ဧပြီ ၁၂

ကလေးခရိုင် မင်းကင်းမြို့ ကန်တော်ပရိယတ္တိစာသင်တိုက် နှစ်ထပ်ဆွမ်းစားဆောင် အတွက် အလှူငွေလှူဒါန်းပွဲကို မတ် ၂၆ ရက်က ကန်တော်ပရိယတ္တိစာသင်တိုက်၌ ကျင်းပရာ အခမ်းအနားတွင် မုံရွာမြို့ ဦးထွန်းရှင်-ဒေါ်ခင်မမအေး မိသားစုက ကန်တော်ပရိယတ္တိစာသင်တိုက် ဆွမ်းစားဆောင်နှင့် ဘုရားကျောင်းဆောင်အတွက် အလှူငွေကျပ် ၁၀ သိန်းကို နာယက ဆရာတော်ဦးတေဇနိယထံ ဆက်ကပ်လှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်တော်မူသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

အဘိဓမ္မာ၊ ဓမ္မစကြာနှင့် ယဉ်ကျေးလိမ္မာသင်တန်းဆင်း

တောင်ငူ ဧပြီ ၁၉

တောင်ငူမြို့ အဘိဓမ္မာပြန့်ပွားရေးနှင့် ၃၆၅ ရက် နေ့စဉ်ဆွမ်းလောင်းအသင်းက ကြီးမှူးဖွင့်လှစ်ခဲ့သည့် အဘိဓမ္မာသင်တန်း၊ ဓမ္မစကြာသင်တန်းနှင့် ယဉ်ကျေးလိမ္မာ သင်တန်းများဆင်းပွဲကို မတ် ၃၀ ရက် နံနက်ပိုင်းက တောင်ငူမြို့ ဗိုလ်မှူးဖိုးကွန်းလမ်းရှိ ရွှေနှင်းဆီဓမ္မဗိမာန်၌ ကျင်းပရာ အဘိဓမ္မာပြန့်ပွားရေးအသင်းဥက္ကဋ္ဌ ဗိုလ်ကြီးကျော်နိုင် (ငြိမ်း) (ယာပုံ) နှင့် ၃၆၅ ရက် နေ့စဉ်ဆွမ်းလောင်းအသင်းဥက္ကဋ္ဌ ဦးစောဌေးတို့က သင်တန်း အမှာစကားများပြောကြားပြီး အရာဏ်ဆွမ်းလောင်းအသင်း အတွင်းရေးမှူး ဦးအောင်မြင့်ဦးက သင်တန်းများဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြား သည်။

ပေးအပ်ချီးမြှင့်

သင်တန်းဆင်းပွဲတွင် ထူးချွန်သင်တန်းသားများနှင့် သင်တန်းသားများအား ဂုဏ်ပြုဆုနှင့် သင်တန်းဆင်း လက်မှတ်များကို အဘိဓမ္မာ ပြန့်ပွားရေးအသင်း ဥက္ကဋ္ဌ ဗိုလ်ကြီးကျော်နိုင်(ငြိမ်း)၊ ၃၆၅ရက် အရာဏ်ဆွမ်းလောင်းအသင်းဥက္ကဋ္ဌ ဦးစောဌေးနှင့် အမှုဆောင်များက ပေးအပ်ချီးမြှင့်ကြသည်။

ရက်သတ္တသုံးပတ်

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၇၀ တက်ရောက်သင်ကြားကြပြီး သင်တန်းကာလ ရက်သတ္တသုံးပတ် ကြာမြင့်ခဲ့ကြောင်း သိရသည်။

(ဝ၅၂)

ချောင်းဆုံမြို့ ဒရယ်-ကလွီ ကျောက်ချောလမ်းဖွင့်

ချောင်းဆုံ ဧပြီ ၁၃

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ်ချောင်းဆုံ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သော ကျေးရွာချင်းဆက် ဒရယ်-ကလွီ ကျောက်ချောလမ်း ဖွင့်ပွဲကို မတ်၂၃ရက်က အဆိုပါလမ်းမုခ်ဦးရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးရဲထွန်းလင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်မြင့်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဝေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အကုန်အကျခံ

အဆိုပါလမ်းမှာ အရှည်ပေ ၁၁၀၀၀ ရှိပြီး နိုင်ငံတော်မှ ငွေကျပ် ၁၇၈၃၀၀၀၀ နှင့် ပြည်သူများက ငွေကျပ် ၁၅၀၀၀၀၀၀ ဖြင့် အကုန်အကျခံ ဖောက်လုပ်ခဲ့သည့် ကျောက်ချောလမ်းဖြစ်ပြီး မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမောင်ဝင်းနှင့်အတူ လမ်းကို ကြည့်ရှုစစ်ဆေးကြသည်။ **(ဝဲပုံ)**

(မြို့နယ်စည်ပင်)

အကြိမ်(၉၀) မြောက် သွေးလှူဒါန်း

ရန်ကုန် ဧပြီ ၂၀

ရန်ကုန်တိုင်း ဒေါပုံမြို့နယ် နွယ်အေး ရပ်ကွက် သဇင်နွယ်လမ်း စိတ္တသုခ ဓာတ်တော်တိုက်ကျောင်း အမှတ်(၁) ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ပဓာန နာယက ဘဒ္ဒန္တ ဝိစိတ္တာလင်္ကာရ (လူမှုထူးချွန် ပထမဆင့်) ဓမ္မကထိက (သက်လွတ်) ဆရာတော် **(အပေါ်ပုံ)**သည် ဖေဖော်ဝါရီ ၂၇ ရက်က မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီး အမျိုးသား သွေးလှူဘဏ်ခွဲ၌ အကြိမ်(၉၀) မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

(က-ပ)

ထီးချိုင့်မြို့ ရွှေပါရမီစာကြည့်တိုက် အဆောက်အအုံဖွင့်

ထီးချိုင့် ဧပြီ ၆

ကသာခရိုင် ထီးချိုင့်မြို့နယ် ကျောက်အိုက်ကျေးရွာအုပ်စု ရွှေချောင်းကျေးရွာ ရွှေပါရမီစာကြည့်တိုက် အဆောက်အအုံဖွင့်ပွဲ အခမ်းအနားကို မတ် ၂ ရက်က အဆိုပါ စာကြည့်တိုက် အဆောက်အအုံ၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် ရွှေပါရမီစာကြည့်တိုက်အဆောက်အအုံကို စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးစိုး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင့်လွင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးတင်ဝင်းသိန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ရွှေပါရမီ စာကြည့်တိုက်အတွက် အလှူရှင်များက အလှူငွေနှင့် သုတရသ စာအုပ်မျိုးစုံတို့ကို ပေးအပ်လှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မြို့နယ် သတင်းများ

ဒိုက်ဦး၌ အထူးဈေးရောင်းပွဲကျင်းပ

ဒိုက်ဦး ဧပြီ ၆

အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ နှစ်သစ်ကူး မဟာသင်္ကြန် အထူးဈေးရောင်း ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဒိုက်ဦးမြို့နယ် ဘူတာလမ်းရှိ မုခ်ဦးရှေ့၌ မတ် ၃၀ ရက် နံနက် ၈ နာရီက ကျင်းပရာ အခမ်းအနားသို့ အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ဗိုလ်မှူးကြီး ဝင်းနောင်၊ ပဲခူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်ဌေး၊ မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ပဲခူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်ဌေးနှင့် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဒိုက်ဦး ကော်မှုန့်စက်ရုံ စက်ရုံမှူး ဦးမျိုးလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးဝင်းနောင်က အထူးဈေးရောင်းပွဲတော်မုခ်ဦးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ **(ခရိုင် ပြန်/ဆက်)**

ရွှေဘိုမြို့ သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် အဖွဲ့ပိုင် စက်ယန္တရားများဖြင့် ရေဆိုးထုတ်မြောင်းများ တူးဖော်ခြင်းလုပ်ငန်းကို မတ် ၁၅ ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးနီထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ အင်ဂျင်နီယာမှူး ဦးသင်းမင်းလတ်တို့က ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မိုးညှင်းမြို့နယ် ဦးပုညလမ်း ကတ္တရာလမ်းသစ်ဖွင့်

မိုးညှင်း ဧပြီ ၁၅

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော ဦးပုညလမ်း ကတ္တရာလမ်းသစ် (မြို့ပြ) ဖွင့်ပွဲကို မတ် ၂၆ ရက်က အဆိုပါ လမ်းမုခ်ဦး ရှေ့၌ ကျင်းပသည်။

ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်မင်းဟန်၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်းနှင့် ရပ်မိရပ်ဖ ဦးဇော်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အကုန်အကျခံ

အဆိုပါလမ်းမှာ အလျား ပေ ၉၈၀ အကျယ် ၁၂ ပေကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၃၉၅၀၀၀၀ ဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

နံရံကပ်စာစောင်ပြပွဲ ရည်ရွယ်ချက် ရှင်းလင်း

ကျောက်ပန်းတောင်း ဧပြီ ၈

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဓာတ်ပုံနှင့် နံရံကပ်စာစောင်ပြပွဲ အခမ်းအနားကို မြင်းခြံခရိုင် ကျောက်ပန်းတောင်း မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံး စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ပြပွဲအခမ်းအနားတွင် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတိုင်းအေး၊ မြို့နယ်ပညာရေးမှူး ဒေါ်အကြူ၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်အုန်းမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက ပြပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားသည်။ ယင်းနောက် တက်ရောက်လာသူများက ပြပွဲခင်းကျင်းထားမှုများကို လိုက်လံကြည့်ရှု လေ့လာကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီရုံးခန်း (ဗဟန်း ၃ လမ်း မှတ်တိုင်အနီး)သို့ အမှတ် ၁၄၃၊ ၄၈ လမ်း ဗိုလ်တထောင်မြို့နယ်နေ အလှူရှင် ဦးခင်မောင်-ဒေါ်ခင်ခင်အေး မိသားစုက ငွေကျပ်တစ်သိန်းငါးသောင်း ပေးအပ်လှူဒါန်းရာ အတွင်းရေးမှူး ဦးစိုးမြတ်အောင်က လက်ခံယူစဉ်။ (က-ပ)

- ❑ မျိုးချစ်စိတ်ဓာတ် ထက်သန်သူတိုင်း‥
- ❑ လုံးဝလွတ်လပ်ရေးကို မြတ်နိုးသူတိုင်း‥
- ❑ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို လိုလားသူတိုင်း‥
- ❑ နယ်ချဲ့စွက်ဖက်မှုနှင့် နယ်ချဲ့သြဇာခံအဖြစ်ကို မလိုလားသူတိုင်း‥
- ❑ နယ်ချဲ့ကြိုးဆွဲရာကမည့် ရုပ်သေးအစိုးရ ပေါ်ပေါက်လာမည်ကို လက်မခံနိုင်သူတိုင်း‥

ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို တစ်ခဲနက် ထောက်ခံမဲပေးကြစို့။

● ဒီမိုကရေစီ ထွန်းကားရေး အခြေခံဥပဒေ အတည်ပြုပေး။

● ဘယ်သူခွဲခွဲ ဒို့မကွဲ ပေးကြပါစို့ ထောက်ခံမဲ။

● မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။ ဆူပူမှုဖြင့် ဒီမိုကရေစီ မရနိုင်။ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

● ဒို့အနာဂတ် ဒို့ဖန်တီးဖို့ အခြေခံဥပဒေ အတည်ပြုစို့။

ဇီဝိတဒါန သံဃာ့ဆေးရုံ(မန္တလေး)ဖွင့်ပွဲ အထိမ်းအမှတ်

ရေစက်ချ အလှူတော်မင်္ဂလာအခမ်းအနား ကျင်းပ

ဇီဝိတဒါန သံဃာ့ဆေးရုံ (မန္တလေး)

ဇီဝိတဒါန သံဃာ့ဆေးရုံ(မန္တလေး)ကို တွေ့ရစဉ်။

(သတင်းစဉ်)

နေပြည်တော် ဧပြီ ၂၀

မန္တလေးတိုင်း မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်း၌ တည်ဆောက်ပြီးစီးသွားသည့် ဇီဝိတဒါနသံဃာ့ဆေးရုံ(မန္တလေး)ဖွင့်ပွဲ အထိမ်းအမှတ် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို ဧပြီ ၁၈ရက် နံနက် ၉နာရီက အဆိုပါ ဇီဝိတဒါနသံဃာ့ဆေးရုံ(မန္တလေး) ဝင်းအတွင်းရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်၍ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ စာမျက်နှာ ၈ ကော်လံ ၁ ❐

အခြေခံဥပဒေ အတည်ပြုရေး မဲရုံသွား၍ ထောက်ခံမဲပေး။